# ပြည်ထောင်စုသမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (UMFCCI)၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အစီရင်ခံစာ

**နိဒါန်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပြည်ထောင်စုသမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (UMFCCI)၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၃.၁၀.၂၀၂၂)ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဖေယျာသီရိဗိမာန်ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

**တွေ့ဆုံပွဲတက်ရောက်သူများ**

၂။ အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီး ဌာန ဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်း ကွပ်ကဲရေးမှူး ကြည်း၊ ရေ၊ လေ အကြီးအကဲများ တပ်မတော်အရာရှိကြီးများ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လုပ်ငန်းရှင် များအသင်းချုပ် (UMFCCI) နှင့်ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှတာဝန်ရှိသူများ၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ ဖိတ်ကြားထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းရှင် စုစုပေါင်း (၃၀၀)ဦး ခန့် တက်ရောက် ခဲ့ကြပါ သည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ UMFCCI ကိုယ်စားလှယ်များ ၊ စက်မှုဇုန်မှကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များ၏တင်ပြချက်**

၃။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ UMFCCI ကိုယ်စားလှယ်များ ၊ စက်မှုဇုန်မှကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များမှအောက်ပါအတိုင်း တင်ပြဆွေးနွေးခဲ့ပါသည်-

(က) UMFCCI **ဥက္ကဋ္ဌမှ ပြောကြားရာတွင်** ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းမှာရှိတဲ့ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အကျဉ်းချုံးပြီးတော့ အကြံပြုတင်ပြဆွေးနွေးမှာဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိမှာ နိုင်ငံတော်နှင့်ဆက်စပ်နေသော ဝန်ကြီးဌာနများက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်ချက်နှင့် အစီအစဉ်များ၊ အစီအမံများကို ဆောင်ရွက်ပေးသည့် အတွက် များစွာအထောက်အကူပြုစေသည့်အတွက် များစွာကြိုဆိုပါကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းတွေ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ အားပေးပြီးတော့လိုအပ်သည့် အစီအစဉ်တွေကို သက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကူညီပံ့ပိုးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့်ကြည့်မည်ဆိုလျှင် စက်မှုဇုန်ပေါင်း (၂၉)ဇုန်ရှိပြီး၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နေသည့် စက်မှုဇုန်တွင်း လုပ်ငန်း(၃၈၀၆)နှင့် ဇုန်ပြင်ပ (၃၉၀၀) ကျော်၊ စုစုပေါင်း (၇၇၀၆)ကျော် ရှိပါတယ်။ ဒါ့အပြင် အခြားကုန်သွယ်မှု လုပ်ငန်းတွေ၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ အများအပြားရှိပါကြောင်း လည်း သိရှိရပါကြောင်း၊ မိမိအနေနဲ့ကပြီးခဲ့သည့် MSME ဗဟိုကော်မတီ အစည်းအဝေးမှာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက် ကောင်းမွန်သည့် MSME လုပ်ငန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ပိုမိုကောင်းမွန်သည့် ဥပဒေဖြစ်ပေါ်ရေးနှင့် ပံ့ပိုးဆောင်ရွက်မှု နည်းလမ်းများနှင့်ပတ်သက်သည့် အသေးစိတ်ကို

ဆွေးနွေးတင်ပြခဲ့ပါသည်။ အဲလိုသာ လုပ်ပေးမည် ဆိုရင် Quick Win ဖြစ်ပြီး လုပ်ငန်းများကို များစွာအကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာရှိသည့် ဖြစ်ထွန်း နိုင်သည့် လုပ်ငန်းများကို ရွေးချယ်ရာတွင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်း၊ သွင်းကုန် အစားထိုးလုပ်ငန်း၊ ခရီးသွားလာရေး လုပ်ငန်းများ အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေရေး လုပ်ငန်းများကို ကဏ္ဍအသီးသီးတွေကို ပံ့ပိုးပေး စေလို ပါတယ်။ အဲဒီကဏ္ဍတွေက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလျင် နိုင်ငံတော်အနေနဲ့ လိုအပ်သောငွေကြေး အတိုးနှုန်းသက်သက်သာသာနဲ့ လွယ်ကူစွာရရှိနိုင်တဲ့ ကာလရှည်ချေးငွေတွေကို ပံ့ပိုးပေးမယ်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများလည်း အလွယ်တကူလုပ်နိုင်မည် ဖြစ်လာမည်ဖြစ် ပါတယ်။ဒ့ါအပြင် ခေတ်နှင့်အညီထုတ်လုပ်မှုနည်းပညာတွေ၊ ဝန်ဆောင်မှု နည်းပညာ တွေ ပံ့ပိုးပေးဖို့လိုပါတယ်၊ ထုတ်လုပ်သည့်ပစ္စည်း တွေက ခေတ်မီ နည်းစနစ် တွေ ဈေးကွက်အခြေအနေ သိရှိအောင် ပြည်တွင်းပြည်ပမှ သတင်းအချက် အလက်တွေရရှိရေးအတွက်လည်း ပံ့ပိုးကူညီ ဆောင်ရွက် ပေးဖို့လိုအပ်ပါ ကြောင်း စက်မှုဇုန်တွေမှာ အဓိကလိုအပ်နေတာက လျှပ်စစ်စွမ်းအား ဖြစ်ပါ သည်။ ဒါကြောင့်မို့ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓါတ်အား တွေထုတ်လုပ် နိုင်ဖို့အတွက် ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်း ပစ္စည်းနှင့် စပ်ဆက် ပစ္စည်းတွေ လွယ်ကူစွာ တင်သွင်းရရှိနိုင်ရန် Human Resourse နဲ့ပတ်သက်ပြီးတော့ ကျွမ်းကျင်လုပ်သားတွေ ရှားပါးမှုတွေ ဖြစ်နေ တဲ့အတွက်ကြောင့်မို့ ကူညီပံ့ပိုးပေးစေရန်၊ ပြည်တွင်းစားသောက်ကုန်များ သည် ဈေးကွက် ရရှိရေးအတွက် တရားမဝင်တင်သွင်းသည့် ပစ္စည်းတွေကို ပပျောက်အောင် ဝိုင်းဝန်းဆောင်ရွက် ပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြား ငွေလဲလှယ်မှုက မြင့်တက်လာသည့် အတွက်ကြောင့် တည်ငြိမ်မှုရရှိရေး အတွက်

ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ UMFCCI အသင်းချုပ်အနေနဲ့ ညီနောင်အသင်းအဖွဲ့များမှ MSME လုပ်ငန်းများကိုသက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သီးခြားတင်ပြဖို့ စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ အသင်းမှ MSME Association အသင်းကိုဖွဲ့စည်းထားပြီး MSMEဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါကြောင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသင်းအနေနဲ့ ဥပဒေနှင့် အညီ စည်းမျဉ်း၊ စည်းကမ်း များကို Intdustrial Policy, Trade Policy, MSME Policy တွေကို တင်ပြ အကြံပြု ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊

(ခ) **ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်မှပြောကြားရာတွင်** ကျွန်တော်ကတော့ မြန်မာနိုင်ငံဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင် ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပွဲတွင် ဆန်စပါးအသင်းကိုယ်စား ရန်ကုန်တိုင်းဒေသကြီးနှင့် ကျန်ရှိသည့် တိုင်းနှင့် ပြည်နယ်များ အတွက်ပါ ပြောကြားမှာ ဖြစ်ပါကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ကြည့်မည်ဆိုလျှင် မိုးနှောင်းမှာ စိုက်သည့်အတွက် အထွက်နှုန်း လျော့နည်းမှာ ဖြစ်ပါကြောင်း၊ နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် အစိုးရအနေဖြင့် အကျိုးတူပူးပေါင်းစနစ်ဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြင့် အထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရုံ သာမက စက်တင်ဘာလကုန်တွင် ပြည်ပသို့ တန်ချိန် (၁)သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ပြည်ပတင်ပို့မှု တွက် ပထမ(၆)လ အတွက် အမေရိကန်ဒေါ်လာ **သန်း(၃၅၀)ရရှိထား** ပြီး ဖြစ်ပါကြောင်း၊ လက်ရှိ ဆန်စပါး အများဆုံး ဝယ်ယူသည့် နိုင်ငံများမှာ တရုတ်နှင့် ဥရောပနိုင်ငံများဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှု ဆက် လက်ဖွံ့ဖြိုးတိုးတက်မှု အတွက် ရန်ကုန်ဆိပ်ကမ်း၊ ရေဝတီ – ပုသိမ်ဆိပ်ကမ်း၊ ရခိုင်ပြည်နယ်– စစ်တွေဆိပ်ကမ်းတိုးချဲ့ပြီး ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါး အသင်းနှင့်

ပြည်ထောင်စုဝန်ကြီး ဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာခင်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံကို တင်ပို့ရန်အတွက် တန်ချိန်(၂)သိန်းကို တင်ပို့မည့်နေရာမှာ ရန်ကုန် ဆိပ်ကမ်းမှာ တော့ အများဆုံးတင်ပို့မှာဖြစ်ပြီး ဧရာဝတီတိုင်း- ပုသိမ်ဆိပ်ကမ်းနှင့် ရခိုင် ပြည်နယ်- စစ်တွေဆိပ်ကမ်းများမှ တင်ပို့မှာ ဖြစ်ပါကြောင်း၊ ပို့ကုန် တင်ပို့မြှင့်တင် ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် Export Financing ကိုလည်း နိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်းပြီး ဆောင်ရွက်နေ သည့် အတွက် နိုင်ငံတော်ကို ပို့ကုန်မြှင့်တင် ရေးအတွက် Export Financing သည် တကယ်ကို အထောက်အပံ့ဖြစ်ပါကြောင်း၊ လတ်တလော အခြေအနေမှာ ပုဂ္ဂလိက ဘဏ်များ အားနည်းနေသည့် အချိန်တွင် နိုင်ငံတော်အစိုးရမှ ဝင်ရောက် ကျားကန်ပေးသည့်အတွက် ပြည်ပတင်ပို့သည့် လုပ်ငန်းများ ပိုမိုအား ကောင်းလာမှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီး ချုပ်အား တင်ပြလိုသည့် အချက်(၁)ချက်ရှိပါကြောင်း၊ ပို့ကုန်နှင့် ပတ်သက်လို့ ပြည်တွင်း ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီ၊ နိုင်ငံသား ၆၅% ၊ ၃၅% ၊ ချေးငွေပေး သည့် အခါမှာ (၁၀) ကေအတွက် ပေးနိုင်ပါကြောင်း၊ ပြည်တွင်း ပို့ကုန်ကုမ္ပဏီနှင့် နိုင်ငံခြားပို့ကုန် တစ်ပြေးညီဖြစ်စေရန် နိုင်ငံတော် အနေဖြင့် ကြည့်ရှု စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံအပ်ပါကြောင်း၊ နောက် (၁)ချက် တင်ပြချင်သည်မှာ စပါးစိုက် တောင်သူများ ချေးငွေအနေဖြင့် (၁၀)ကေ အထက်ကို ထုတ်ချေးပေးစေလိုပါ ကြောင်း၊ ဆန်စပါးမှ ထွက်သည့် ဖွဲနုဆီထုတ်လုပ်သည့် လုပ်ငန်းကို စီစဉ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ဈေးကွက် နှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် တိုင်းဒေသကြီးအစိုးရနှင့် ဆန်စပါး ကုန်သည်ကြီးများ ပူးပေါင်း ဆောင်ရွက်စေလို ပါကြောင်း၊ ကုန်စည်ဒိုင်များရဲ့ အခန်းကဏ္ဍမှာလည်း အလွန် အရေးကြီးပါကြောင်း၊ တပ်မတော် အစိုးရ

လက်ထက်တွင် ကုန်စည်ဒိုင်များ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြင် မော်လမြိုင်၊ ပုသိမ်၊ စစ်တွေမြို့ကြီး များတွင် ကုန်စည်ဒိုင်များကို တိုးချဲ့တည်ဆောက်နေပါကြောင်း၊ ဆန်စပါး နှင့် ပတ်သက်သည့် ဆန်စက်လုပ်ငန်းရှင်များမှာ တစ်နိုင်ငံလုံးတွင် (၂)သောင်း ကျော် အထိရှိပါကြောင်း၊ အချို့ဆန်စက်များမှာ စက်မှုကြီးကြပ်ရေးနှင့်စစ် ဆေးရေးဦးစီး ဌာနတွင် မှတ်ပုံတင်ထားတာရှိပါကြောင်း၊ နိုင်ငံတော်၏လမ်း ညွှန်မှုနှင့် စနစ်တကျ ပြန်လည်ပူးပေါင်းပြီး MSME ဖွံ့ဖြိုးတိုးတက်ရေး အတွက် ချေးငွေအတွက်ပါ ဆောင်ရွက်စေလိုပါကြောင်း၊

(ဂ) မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးဆန်းလင်း ဆွေးနွေးပြောကြားရာတွင် ကျွန်တော်ကတော့ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးဆန်းလင်းဖြစ်ပါကြောင်း၊ ကျွန်တော်တို့ ဆီစက်လုပ်ငန်းရှင်များ ၊ ဆီကုန်သည်များ၊ စားသုံးသူလက်လီလက်ကား ထုတ်ကုန်၊ သွင်းကုန် ဖူလုံစွာရရှိစေရေး၊ ပြည်တွင်းမှာ စားသုံးသူဖူလုံစေရန် ၁၉၉၂ ခုနှစ်က စတင်တည်ထောင်ခဲ့တာ နှစ်ပေါင်း(၃၀)ကျော် ရှိပါကြောင်း၊ ကျွန်တော်တို့ တိုင်းပြည်စားသုံးမှုဟာ တစ်နှစ်ကို တန်ချိန်(၁၃)သန်းခန့် လိုအပ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှု တန်ချိန်(၅)သိန်းခန့် ရှိပါကြောင်း၊ လိုအပ်သောတန်ချိန် (၇-၈)သိန်းခန့်ကို ပြည်ပမှ တင်သွင်းရပါကြောင်း၊ တစ်လလျှင် တန်ချိန် (၅)သောင်းခန့် တင်သွင်းလျှက် ရှိပါကြောင်း၊ အရည်အသွေးကောင်းမွန်သည့် စားအုန်းဆီ များကို ၂၀၁၁ ခုနှစ်မှ စတင်၍ မှာယူတင်သွင်းနေရပါကြောင်း၊ ယခင်က တစ်နှစ်လျှင် တန်ချိန် (၇)သိန်းအစား ယခု တစ်နှစ်ကို တန်ချိန်(၅) သိန်း မှာယူတင်သွင်းရပါကြောင်း၊ လျော့နည်းသွားသော တန်ချိန်အစားဆီထွက်သီးနှံများကို ပိုမိုစိုက်ပျိုးလာကြပါကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးရန် အတွက် စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနတို့မှ နေကြာဆီ၊

မြေပဲဆီ၊ နှမ်းဆီ စသည့် ဆီထွက် သီးနှံများကို ပိုမိုစိုက်ပျိုးလာကြပါကြောင်း၊ စားအုန်းဆီ ၇၀၀/– ၈၀၀/–ရှိပြီး Covid – 19ကာလမှာ တဖြေးဖြေး ၁၀၀၀/– အထိ ဈေးတက်လာခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ရုရှားမှ နေကြာဆီ တင်သွင်းလာသဖြင့် ပြည်တွင်းမှာလိုအပ်သည့် အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါကြောင်း၊ ဈေးနှုန်းတည်ငြိမ်မှုရှိအောင်လည်းဆောင် ရွက်ပေးနေရပါတယ်။ သာဓကအနေနဲ့ လက်ရှိမှာ စားအုန်းဆီများကို ပြည်သူလက် ဝယ်သို့ ဈေးကားများနဲ့ ရောင်းချပေးနေပါတယ်။ ဗဟိုဘဏ်များ လက်မှလည်း ယခင်က တစ်ဒေါ်လာလျှင် (၁၇၈၂/–)ကျပ်ကနေ ယခုအခါ (၁၈၅၀/–) (၂၁၀၀/–) ကျပ်အထိ ရောင်းချပေးလျှက်ရှိပါတယ်။ တစ်နေ့ဆီပိဿာချိန် (၁၄၀၀)ကျော် ဈေးကွက်မှာရောင်းချပေးနေပါကြောင်း၊ လက်ရှိအနေနဲ့ ဈေးကျပြီး တန်ချိန်(၈၇၀)ဈေးကွက်မှာ ရောင်းချပေးနေပါကြောင်း၊ လက်ရှိ အနေနဲ့ အစိုးရဝန်ကြီးဌာနအနေဖြင့် တစ်ပိဿာ(၆၀၀၀/–) ဈေးကျနေပါ ကြောင်း ဆီထွက် သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် မူဝါဒတစ်ခုကိုချမှတ် ဆောင်ရွက်ပေးဖို့ အကြံပြုလိုပါကြောင်း၊ နေကြာဆီစိုက်ပျိုးထုတ်လုပ်မှုမှ စားသုံးသူအထိ ကဏ္ဍတစ်ခုပြီးတစ်ခု သုတေသနပြုလုပ်ဖို့ လိုအပ်ပါကြောင်း၊ ဆီများကို ဓါတုဗေဒ နည်းအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စိုက်ပျိုးတောင်သူ၊ အစိုးရနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ (၃)ဖွဲ့ပေါင်းစပ်ပြီး လုပ်ဆောင်ရမှာဖြစ် ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့်ပူးပေါင်းပြီး ဘယ်ဆီများကို ဘယ်လို စားသုံးသင့်တယ်ဆိုတာကို ပြည်သူများ၊ စားသုံးသူများသိအောင် ဆောင်ရွက် ကြရပါမယ် အဓိက ကတော့ စားအုန်းဆီကို အကြော်တွေနဲ့ ဟိုတယ်တွေမှာ သုံးပါကြောင်း၊ သံလွင်ဆီကို သုတ်စားသည့် အခါတွင်အသုံးပြုပါကြောင်း၊ နေကြာဆီ၊ မြေပဲနှင့်နှမ်းဆီကို ဟင်းချက်တဲ့အခါမှာ သုံးသင့်ပါကြောင်း၊

သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပူးပေါင်းပြီးတော့ Media များကနေတဆင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဟောပြောပေးသင့်ပါကြောင်း၊

**(ဃ)** အသေးစားစီးပွားရေးလုပ်ငန်းရှင် ဆရာဘိုင်အိုမှ ဆွေးနွေးတင်ပြရာတွင် ကျွန်တော် ဦးဝင်းမြင့်အောင် (ဆရာဘိုင်အို)သဘာဝ အော်ဂဲနစ် လူသုံးကုန်ထုတ်လုပ် သော အငယ်စား လုပ်ငန်းရှင်ဖြစ်ပါသည်ခင်ဗျာ- အသေးစားမှတ်ပုံတင်အမှတ် (အစ-၁၂/၁၉၁၅၇)ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်နေသည်မှာ (၁၈)နှစ်ခန့် ရှိပြီဖြစ် ပါကြောင်း၊ ကျန်းမာရေးညီညွတ်သော လူသုံးကုန်ပစ္စည်း သဘာဝရေဆိုးသန့်၊ သဘာဝခေါင်းလျှော်ရည်၊ သဘာဝဘက်စုံသုံးဆပ်ပြာ၊ သဘာဝ စပါးလင်အနံ့ ခြင်ပြေးဆေးများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ ထုတ်ကုန် များကို ပြည်တွင်းဖြစ် ကိုယ်တိုင်ထုတ်လုပ်ပြီး လုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံရသော အခက်အခဲ များ ကို လေးစားစွာတင်ပြအပ်ပါသည်။ အသေးစား ထုတ်လုပ်တဲ့ စားသောက်ကုန်လုပ်ငန်းမျာ းကို အသေး စားမှစနစ်တကျစစ် ဆေးပြီး ဖြစ်သော် လည်း City Mart များတွင် တင်ပို့ရောင်းချရန် အခက်အခဲ များ ရှိပါကြောင်း၊ အသေးစားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်းမှဖြန့်ဖြူး ရောင်းချရန် အခက်အခဲ ရှိခဲ့သော်လည်း လုပ်ငန်းတိုးတက်ရန်အတွက် FDA လျှောက်ရာတွင် အခက်အခဲ များစွာရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းတွင် မှတ်ပုံ တင်ထားသူ (၃၃၅၂) ဦးနှင့် **SME** ဌာနတွင် မှတ်ပုံတင်ထားသူ(၇၅၅၉) ဦး ရှိပါကြောင်း၊ **Covid** ကာလမှ ချေးငွေရယူ ထားသည့်သူများဖြစ်ပါသည်။ ချေးငွရယူထားသည့် လုပ်ငန်းရှင် အားလုံးနီးပါးမှျ နှစ်စဉ်အတိုးပေးနိုင်သော်လည်း ရယူထားသည့် ကျန်းမာရေး အခက်အခဲနှင့် နိုင်ငံတော်၏ အခြေအနေအရ အရင်းပြန်လည်ပေးဆပ်နိုင် ခြင်းမရှိဖြစ်နေပါသည်။ အရင်းပြန်ပေးဆပ်ရန်အတွက် ခဏတာ နှစ်အရေ အတွက် နောက်ဆုတ်ပေးပါရန်တင်ပြခြင်းဖြစ်ပါသည်။

ချေးငွေမရရှိသေး သော လုပ်ငန်းရှင်များကိုလည်း လုပ်ငန်းလည်ပတ်နိုင်ရန် ဆက်လက်ပံ့ပိုး ကူညီပေး ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

(င) ဒေါ်သီသီဝင်း မြတ်ဆွမ်းအုပ် ကျန်းမာရေးထုတ်ကုန်မှ အသေးစားမှတ်ပုံတင်အမှတ် (အစ၁၂-/ ၂၂၉၉၉) အသေးစား လုပ်ငန်းရှင်ဖြစ်ပါတယ်ရှင်- ၂၀၁၇ ခုနှစ်မှ လုပ်ငန်းကိုစတင်ခဲ့ပြီးမြန်မာနိုင်ငံရဲ့စိုက်ပျိုးတောင်သူတွေနဲ့ မြန်မာနိုင်ငံသူ၊နိုင်ငံသားတွေရဲ့ ကျန်းမာရေးကိုတထောင့်တနေရာမှ ကူညီပေးနိုင်ရန် ဆိုတဲ့ရည်ရွယ်ချက်နဲ့စတင်ခဲ့ပါကြောင်း ။"မြတ်ဆွမ်းအုပ် " ထုတ်ကုန်တွေကို ဓါတ်မြေသြဇာမသုံးဘဲ သဘာအတိုင်း စိုက်ပျိုးထားသော စိုက်ပျိုးရေးကုန်ကြမ်းတွေဖြစ်တဲ့ ပျားရည်၊ ကြက် သွန်ဖြူ ချင်း၊ ရှောက်သီး၊ ဂျင်းနက်တို့ကို အခြေခံပြီး ထုတ်လုပ်ထားပါ တယ်ရှင့်။ ရှမ်းပြည်နယ်၊ နောင်ချိုဒေသနှင့် ကချင်ပြည်နယ်ဝိုင်းမော် ပျားရည် ကို မင်္ဂလာဒုံစက်ရုံတို့မှ ဝယ်ယူပါတယ်ရှင့်။ ထုတ်ကုန်များထုတ်လုပ်ရာတွင် ထုတ်ကုန် အရည်အသွေး ကောင်းမွန်ရန် ထုတ်ကုန်အရောင်အဆင်း၊ အနံ့၊ အရသာ တသမတ်ထဲထွက်၍ ပိုးသတ်စက်များ၊ ကြိတ်စက်များ၊ ပါကင် ပိတ်စက်များဟာ လျှပ်စစ်မီးကို အသုံးပြုပြီး ထုတ်လုပ် ရပါတယ်ရှင့်။ ယခု အခါ လျှပ်စစ်မီး မမှန်သည့်အတွက် ထုတ်လုပ်မှုများ နှောင့်နှေးကြန့်ကြာပြီး စျေးကွက် လိုအပ်ချက်ကိုလည်း မဖြည့်ဆည်းပေးနိုင်ဖြစ်နေပါတယ်ရှင့်။ ကျမတို့မြတ်ဆွမ်းအုပ် ထုတ်ကုန်များသည် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးရှိသဖြင့် City Mark ၊ Ocean ၊ Market Place ၊စိန်ဂေဟာ၊ ဂမုန်းပွင့်၊ Super One နှင့်မြို့ကြီးများရှိ ဆေးဆိုင်များမှာ တင်ပြီး ရောင်းချပေး နေကြပါတယ်ရှင့်။ လုပ်ငန်းဆက်လက်လည်ပတ်ရန်၊ လုပ်ငန်းတိုးချဲ့ရန်၊ စျေးကွက် လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ငွေကြေးအခက်အခဲများ စွာဖြစ်ပေါ်နေပါတယ်ရှင့်။ ယခု ကာလမှာ အမှန်တကယ် အခက်အခဲ၊ အကြပ်အတည်း ဖြစ်နေပါသဖြင့် လုပ်ငန်းဆက်လက် လည်ပတ်နိုင်ရန်ချေးငွေ ကိစ္စ

စဉ်းစားပေးပါရန်နှင့် အမှန်တကယ်လည်ပတ်နေပြီး ဈေးကွက်လိုအပ်ချက်များစွာရှိပါသဖြင့် ချေးငွေအတွက်လိုအပ်ချက်များကို လျှော့ပေါ့ပေးပါရန် တင်ပြအပ်ပါတယ်ရှင့်။ လျှပ်စစ်မီးမမှန်သည့်အတွက်ထုတ်လုပ်မှုများ နှောင့်နှေးကြန့်ကြာပြီး ဈေးကွက်လိုအပ်ချက်ကိုလည်းမဖြည့်ဆည်း ပေးနိုင်ဖြစ် နေပါတယ်။ ယခုကာလမှာ အမှန်တကယ်အခက်အခဲ၊ အကြပ်အတည်း ဖြစ် နေပါသဖြင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် ချေးငွေကိစ္စစဉ်းစားပေးပါ ရန်နှင့် အမှန်တကယ်လည်ပတ်နေပြီး ဈေးကွက်လိုအပ်ချက်များစွာရှိ ပါသဖြင့် ချေးငွေအတွက်လိုအပ်ချက်များကိုလျှော့ပေါ့ပေးပါရန် တင်ပြအပ်ပါတယ်ရှင့်။

(စ) MSME အလတ်စားလုပ်ငန်းရှင်များကိုယ်စား ဒေါ်ယဉ်ယဉ်မိုး "လှယဉ်မိုး" ကုမ္ပဏီအဝတ်အထည်ထုတ်လုပ်မှုလုပ်ငန်းမှ မိမိအနေဖြင့် ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းများကို ဦးစားပေးပြီးလုပ်ကိုင်သူဖြစ်ကြောင်း၊ ၁၉၉၉ခုနှစ်မှ ယနေ့အထိ (၂၃)နှစ်ရှိပြီဖြစ်ပြီး စက်ရုံတည်နေရာကတော့ မင်္ဂလာဒုံပျဉ်းမပင် စက်မှုဇုန်တွင်ရှိပြီးမြေဧရိယာ(၃.၅)ကေပေါ်မှာတည်ရှိပြီး လုပ်သားအင်အား (၃၀၀)ကျော်ခန့်ရှိပါကြောင်း၊ DICA၊ UMFCCI၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ MSME ချည်မျှင်နှင့်အထည် ချုပ်လုပ်ငန်းရှင်များအသင်း၊ အထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါကြောင်း၊ အဓိကထုတ် ကုန်များကတော့ အမျိုးသားဝတ်ဂျာကင်၊ ခေါင်းစွပ်၊ ညအိပ်ဝတ်စုံ၊ ကလေး ဝတ်၊ အမျိုုးသားစပို့ရှပ်၊ တီရှပ်မျိုးစုံ၊ အမျိုးသမီးဝတ်များ ထုတ်လုပ်ပါကြောင်း ကိုဗစ်-၁၉ ကာလတွင် ခေါင်းစီးအမျိုးမျိုး၊ ခွဲစိတ်ခန်းသုံး ပိုးသတ်အဝတ်များ၊ ခေါင်းစွပ်များအား လိုအပ်ချက်နှင့် တပြေးညီထုတ်လုပ်ပါကြောင်း၊ ယခုလက်ရှိ ကာလတွင် လုံခြုံရေးသုံးရောင်ပြန်ပြားများထုတ်လုပ်ပါကြောင်း၊ လုပ်ငန်း လုပ်ကိုင်နေစဉ် (၂၃)နှစ်တာကာလအတွင်း လုပ်ငန်းအားလုပ်ငန်းကျွမ်းကျင်ခြင်း မြဲမြံသော ကုန်သည်များရရှိနေခြင်း၊ လုပ်ငန်းကိုယခုထက်ပိုမို လုပ်ကိုင်လို သည့် ဆန္ဒရှိပါသော်လည်း

အခက်အခဲစိန်ခေါ်မှုများရှိနေပါကြောင်း၊ ကျမတို့ လုပ်ငန်းရှင်များအနေဖြင့် စက်မှုဇုန်များတွင်မြေနေရာဝယ်ယူရန် မလွယ်ကူ တော့ပါကြောင်း၊ ငှားရမ်း လုပ်ကိုင်ရာ တွင်လည်းလိုအပ်သည့် မြေကျယ်အခန်း၊ အဆောက်အဦ်ိစသည့် လိုအပ်ချက်အခက်အခဲများစွာရှိသည့် အတွက်ရှေ့သို့ တဆင့်တက်ရန် အခက်အခဲများစွာရှိနေပါကြောင်း၊ လိုချင်သည့် မြေကိုမြို့ ပြင်မှ ဝယ်ယူရန် မြေသုံးစွဲခွင့် အဆင့်ဆင့် လျှောက်ထားရသည့် များစွာအခက် အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ အကြံပေးတင်ပြလိုသည်မှာ တိုင်းနှင့် ပြည်နယ် အသီးသီး၏ မြို့နှင့်မလှမ်းမကမ်း နေရာများတွင် စက်မှုဇုန်အသစ် များ တည်ထောင်ပေးခြင်း၊ အသင့်ဆောက်လုပ်ပြီးသည့် အဆောက်အဦဂိုဒေါင် နှင့် မြေနေရာများကို အသင့်ဝယ်(သို့) ငှားရမ်း နိုင်လျှင် ကျွန်မတို့အတွက် ပိုအဆင်ပြေပါကြောင်း၊ မြေနှင့်အဆောက်အဦ်ရှိရန် လွယ်ကူပါကလုပ်ငန်း တိုးချဲ့ရာမှာအဆင်ပြေပါကြောင်း၊ ကျွမ်းကျင်လုပ်သားများပြတ် လက်မှုများ ကြုံတွေ့နေရပါကြောင်း၊အလုပ်လက်မဲ့များပြားခြင်း၊ ကျွမ်းကျင်လုပ်သားများ နည်းပါး သည့်အတွက်ကြောင့်၊ Training Center များလိုအပ်ပါကြောင်း၊ Investment Process တွင် Clear ဖြစ်ရန်ကျန်နေသည့်အတွက် ဘာပြီးရင်ဘာလုပ် ရမည် ဆိုတာကို မသိတာတွေရှိပါကြောင်း၊ ထို့အတွက် ဌာနအတွင်းချိတ်ဆက် ထားသော Process များကို Clear ဖြစ်ရန် လိုအပ်ပါကြောင်း၊ အခွန်နှုန်းထားများ ပြောင်းလဲမှုရှိသဖြင့် မူရင်းဈေးနှုန်းများ သတ်မှတ်ရာတွင်များစွာ အခက်အခဲရှိနေပါကြောင်း ကျွန်မတို့လုပ်ငန်းအမျိုး အစားမှာ ကုန်ကြမ်းသွင်းကုန်ကို မှီခိုထုတ်လုပ်ရသည့်အတွက် Custom Clearance လုပ် တဲ့အခါလိုအပ်တဲ့ ထောက်ခံချက်စာရွက်စာတမ်းများ၊ ဆိပ်ကမ်းမှာကြန့်ကြာမှု အခက်အခဲများ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် များမှာလည်း မြင့်မားခြင်း၊ လမ်းများ၊ တံတားများ၊ လျှပ်စစ်မီးမမှန်သည့် အတွက်အခက်အခဲများစွာကြုံ တွေ့ရပါကြောင်း၊ ကိုဗစ်ကာလတွင်

စက်ရုံးများ ခေတ္တရပ်ထားချိန်တွင်လည်း အလုပ်သမားများ၏ လုပ်ခလစာများအားပံ့ပိုးပေး ရပါကြောင်း၊ ကျွန်မလုပ်ငန်း အမျိုးအစားသည် Textile နှင့်ပတ်သက်၍ ကွန်ပျူ တာစနစ်ပေါ်တွင် မှီခိုရသော လုပ်ငန်းစနစ်ဖြစ်ပါကြောင်း၊ ဝါနှင့်ဝါကြိတ်လုပ် ငန်း၊ စက်ယက္ကန်းလုပ်ငန်း စသည့် Supply Chain လုပ်ငန်းတစ်ခုလုံးသည် Techanician ပေါ်တွင် မှီခိုနေရပါသောကြောင့် ပြည်တွင်းကျွမ်းကျင်ပညာရှင် များလိုအပ်ပါကြောင်း၊ ယခု လက်ရှိအခြေအနေမှာလည်း ဘဏ်စနစ်များခက်ခဲ ကြန့်ကြာခြင်း၊ ငွေသွင်း/ ငွေလွှဲအခက်အခဲများဖြစ်ခြင်းကြောင့် မမျှော်မှန်းနိုင် သောကုန်ကျစရိတ်များစွာရှိနေပါကြောင်း၊ SME ချေးငွေများချပေးခဲ့ သော်လည်းလုံလောက်မှုမရှိခြင်း၊ ချပေးသည့်ငွေကြေးပမာဏနည်းပါးခြင်း၊ ငွေကြေး ကာလတိုတောင်းခြင်းတို့ကြောင့် ထိရောက်မှု မရနိုင်ဖြစ်နေပါ ကြောင်း၊ ကျွန်မ ရဲ့လုပ်ငန်းမှာ စေတနာ၊ ဝါသနာကို အရင်းခံသည့် အတွက်ကြောင့်သာယခုကဲ့သို့ အခွန့်ရှည် ရပ်တည်နိုင်ခြင်းဖြစ်ပါကြောင်း၊ မည်မျှပင်ခက်ခဲသည့် အခြေအနေ ကြုံတွေ့နေရပါသော်လည်း ဝါသနာနှင့် စေတနာကို ဆက်လက်ရပ်တည် နေပါ မည်ဟု အဓိဌာန်ပြုပါကြောင်း၊

(ဆ) ခရီးသွားလုပ်ငန်းပြန်လည်ရှင်သန်လာနိုင်ရေးနှင့် ပတ်သက်၍ ခရီးသွား လုပ်ငန်း အဖွဲ့ချုပ်ဥက္ကဌ ဦးဉာဏ်ဝင်းမှ အောက်ပါအတိုင်း တင်ပြ ဆွေးနွေးခဲ့ပါသည်။ အာဆီယံနိုင်ငံများ၌ လာမည့်ဧည့်သည်အတော်များအား ဗီဆာ Free ပေးသည့် အတွက် လာသည့် ဧည့်သည်များများ လာမည်ဖြစ်သည့်အတွက် အသေးစား၊ အလတ်စားဟိုတယ်လုပ်ငန်းများ အဆင်ပြေနိုင်လာပါကြောင်း၊ မိမိနိုင်ငံသို့ ဝင်မည့်သူများအတွက် (၇၂) နာရီအတွင်း ကိုဗစ် Test စစ်ဆေးမှုအားဖြေ လျှော့ပေးစေလိုကြောင်း Tourism Promotion အတွက် ရံပုံငွေရရှိရေးအတွက် နိုင်ငံခြားသားများအား Departure tax Us$ 10 ကောက်ခံဖို့ ခွင့်ပြုပေးစေလိုပါ ကြောင်း၊

နိုင်ငံခြားသားဧည့်သည်အများအပြား ဝင်ရောက်လာပါက ခရီးသွား ဧည့်သည် ဝင်ရောက်လာပါက (၁၀%) သော အသေးစား၊ အလတ်စားလုပ်ငန်းရှင်အများစုကို အလုပ်အကိုင်ပေးနိုင်မည်ဖြစ်သည့်အတွက် ခွင့်ပြုပေးစေလိုပါကြောင်း၊

(ဓ) ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အလတ်စားစီးပွားရေး လုပ်ငန်းရှင် ဦးကြည်ဝင်းမှ တင်ပြဆွေးနွေးရာတွင် လုပ်ငန်းရှင်များအား ချေးငွေမအပ်နိုင်သေးသော လုပ်ငန်းရှင်များအား Extension တိုးပေးလိုပါကြောင်း၊ မိမိအနေဖြင့် Covide Loan လည်း အကျေဆပ်နိုင်ပါကြောင်း၊ SME Loan လည်း အကြေ ဆပ်နိုင်ပါကြောင်း၊ စည်းကမ်းနဲ့ညီညွတ်သည့် မြေလွတ်များရှိလျှင်လည်းပေး စေလိုပါကြောင်း၊ အပြင်မှာဆီဈေး(၈၀၀၀/-) ပေါက်ပြီးတိုက်ရိုက်ရောင်းချ သည့်ဈေးနှင့်ကွာခြားမှုရှိသည့် အတွက် ဆီတိုးရောင်းချသည့် လူတန်းစား တစ်ရပ်ပေါ်ပေါက်လာသည့်အတွက် ပြည်သူ့လက်ထဲရောက်အောင် ရောင်းချ နိုင်မည်ဆိုလျှင် ပိုပြီးထိရောက်ရန် လူတန်းစေ့စားနိုင်ပါ ကြောင်း၊ ကျွန်တော်တို့ တိုင်းရင်းဆေးမှာ ဘိုးဘွားဘီဘင် လက်ထက်ကတည်းက ဆောင်ရွက်လာသည့် လုပ်ငန်းဖြစ်သည့်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပါကြောင်း တိုင်းရင်း ဆေးတွင် အနောက်တိုင်းဆေးဝါးများ ရောနှောအသုံးပြုပါက စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး ပြတ်ပြတ်သားသား အရေးယူဖို့သင့်ကြောင်း၊ကျွန်တော်တို့ တိုင်းရင်းဆေးမှာ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ဆောင်ရွက်လာသည့် လုပ်ငန်းဖြစ်သည့်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပါကြောင်း တိုင်းရင်းဆေးတွင် အနောက်တိုင်းဆေးဝါးများ ရောနှောအသုံးပြုပါက စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပြီး ပြတ်ပြတ် သားသား အရေးယူဖို့သင့်ကြောင်း၊

(ဈ) မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးမြင့်စိုးမှ အထည်ချုပ်လုပ်ငန်း များနှင့် ပတ်သက်၍ လက်ရှိအခြေအနေအရ လည်ပတ်နေသည့်စက်ရုံ(၅၅၀)ကျော်ရှိပြီး၊ ဝန်ထမ်း ခန့်ထား ဦးရေ (၄၅၀,၀၀၀) ကျော်ဖြင့် လည်ပတ်နေခြင်း ဖြစ်ပါကြောင်း၊ အထည်ချုပ် လုပ်ငန်းများနှင့် မိတ်ဖက်ဝန်ကြီးဌာနများဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီး ဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလနှင့် ယှဉ်ပါက အချိန်နှင့်တစ်ပြေးညီ အနည်းငယ် တိုးတက်လာပါကြောင်း၊ အထည်ချုပ် အသင်းဝင်စက်ရုံများ၊ အထည်ချုပ် စက်ရုံများရှိ အလုပ်သမားများ၏ Complain များ၊ တိုင်ကြားစာများကိုလည်း Online မှတဆင့် ပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ အထည်ချုပ်အသင်းအနေဖြင့် UMFCCI နှင့် ဥရောပကုန်သည်ကြီးများ အသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နေပြီး၊ လုပ်ငန်းရှင်များ၏ အသံများကို နားထောင်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြား ပါသည်။

(ည) မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးမန်းကျော်ဝင်း မှ ကျွန်တော်တို့ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းနှင့် ပတ်သက်ပြီးတော့ Export တင်သွင်းတာ နှင့် စားသုံးတာနှင့်ပတ်သက်၍ တင်ပြလိုပါကြောင်း လက်ရှိဆန်စပါးထုတ်လုပ်မှုမှာ ကမ္ဘာ့အဆင့်(၇)မှာ ရှိပြီး၊ ဆန်စပါးတင်ပို့မှုမှာ အဆင့်(၅)မှာ ရှိပါကြောင်း၊ မြေငှားရမ်းမှုနှင့်ပတ်သက်၍ စက်မှုစီးပွားမြေငှားဂရမ်မရှိသည့်အတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊

(ဋ) မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဌဦးမြဟန်မှ ကျွန်တော်တို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ခုနှစ်မှ စတင်ခဲ့ပြီး၊ ပြည်နယ် နှင့်

တိုင်းဒေသကြီးအားလုံးပေါင်း (၃၀၀၀၀)ကျော် ရှိပါကြောင်း၊ အဓိက တင်ပြချင်တာကတော့ စားနပ်ရိက္ခာဖူလုံရေး၊ သန့်ရှင်းလတ်ဆတ်ပြီး Protein ပြည့်ဝသော ထုတ်ကုန်များကို ဖြန့်ချီရေး၊ နေ့စဉ် စားသုံးသည့် ကြက်သား၊ ကြက်ဥ၊ နွားနို့ စသည်များကို ဈေးနှုန်းအသင့်အတင့်ဖြင့် ဖြန့်ချီ နေပါကြောင်း၊ အဓိကကျသည့် မွေးမြူရေးအစာများမှာ မိမိတို့ ပြည်တွင်းထုတ်သည့် စိုက်ပျိုးရေး အခြေခံထုတ်ကုန်မှ ရရှိနိုင်သည့် ပြောင်း၊ ဆန်ကွဲ၊ ပဲဖတ်၊ ဖွဲနု စသည်တို့ ဖြစ်ပါကြောင်း၊ Protein လိုအပ်ချက်အရ ဖြည့်စွက် Vitamin, Mineral စသည်ဖြင့် ဖြည့်စွက်စာ Vaccine တို့ကို ဖြည့်စွက် ပေးပါကြောင်း၊ မွေးမြူရေးကဏ္ဍမှ ပြည်တွင်း၊ ပြည်ပ သွင်းအားစုလုပ်ငန်းဖြစ်ပြီး ကြက်မွေးမြူရေး ကတော့ ပုံမှန်အားဖြင့် နှစ်စဉ်တိုးတက်လျှက် ရှိပါကြောင်း၊ ငုံးမွေးမြူရေးကတော့ ရောဂါကူးစက် များကြောင့် တင်းကြပ်မှုတွေရှိနေပြီး နောက်ပိုင်းမှာတော့ တိုးတက်လာဖို့ ရှိပါကြောင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်မွေးမြူရေးကတော့ တိုးတက်မှုရှိပြီး ပြည်ပဈေးကွက်လည်း အလားအလာရှိပါကြောင်း၊ နို့စားနွားအနေနဲ့ ထုတ်လုပ်နိုင်မှုရှိပြီး မြေ၊ ရေသဘာဝကုန်ကျစရိတ်များစွာ ရှိသော်လည်း နှစ်စဉ် နှစ်တိုင်း ပြည်ပကို ဒေါ်လာသန်းရာနှင့်ချီပြီး တင်ပို့ဖို့ရှိပါကြောင်း၊ နှစ်စဉ်ကျောင်းနေ ကလေးတွေကို နို့တိုက်ကျွေးရေး အစီအစဉ် လုပ်ပေးရန်ရှိကြောင်း၊ အစိုးရ အနေဖြင့်လည်း ဘတ်ဂျက်ထောက်ပံ့ ငွေတွေ ထုတ်ပေးပြီးကြောင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များကလည်း သက်ဆိုင်ရာ ဝန်ကြီးဌာန များနှင့် ပူးပေါင်း၍ အဟာရ ပံ့ပိုးမှုများ ပြုလုပ်နေပါကြောင်း၊ မွေးမြူရေး မြေနေရာများ အခက်အခဲရှိနေပါကြောင်း၊

(၄) ဟိုတယ်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးအောင်မျိုးမြင့် **မှ** အခုဆိုလျှင် ခရီးသွား လုပ်ငန်း ပြန်လည် ဦးမော့တော့မည် ဖြစ်သည့်အတွက်ကြောင့် ကျွန်တော်တို့ ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် ကြိုတင်ပြင်ဆင်နေပြီ ဖြစ်ပါ

ကြောင်း၊ ကိုဗစ်ကာလကတည်းက ဟိုတယ်တွေကို ပိတ်ထားရသော ကြောင့် ယခုအခါ နိုင်ငံတကာ ဧည့်သည်တွေ ပြန်လည်လက်ခံနိုင်ရန်အတွက် ဟိုတယ်များ ဖွင့်လှစ်ဖို့ တိုင်းရင်းသား လုပ်ငန်းရှင် အများစုက တနိုင်တပိုင် လုပ်နိုင်သည့် သူများ ဖြစ်ပါရန် Development Loan ထည့်သွင်း စဉ်းစား ပေးစေလိုပါကြောင်း၊ နိုင်ငံတကာဧည့်သည်တွေကို နိုင်ငံတကာလေဆိပ်ကနေ ဆင်းသက်ခွင့် ပေး နေရာမှ ယခုအခါ ကော့သောင်း Border မှ ဝင်ထွက်ခွင့် စတင်ပေးနေသကဲ့သို့ ကျန်တဲ့ မြဝတီ၊ တာချီလိတ်ဘက်ကနေ ဝင်ရောက် ခွင့်ပေးမည်ဆိုလျှင် ယိုးဒယားဘက်ကို ရောက်နေတဲ့ နိုင်ငံခြား သားများ ကျွန်တော်တို့နိုင်ငံ နယ်စပ်ကို အလွယ်တကူ လာရောက် လည်ပတ်ခွင့် ရနိုင်ပါကြောင်း၊ ဒါကြောင့် Border တွေကို ပြန်လည်ဖွင့်ပေးလျှက် နိုင်ငံခြားသားများ အလွယ်တကူ ဝင်ရောက် ခွင့်ရအောင် ပြန်လည် စဉ်းစားပေးလိုပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ဟိုတယ်များ လိုင်စင် အခက်အခဲရှိပါသောကြောင့် ဟိုတယ်တွေလည်း စနစ်တကျ လိုင်စင်ပြန်လည်ရရှိနိုင်ဖို့အတွက်ကို ပြန်လည်ပြီးတော့ ဟိုတယ်လိုင်စင် ရရှိနိုင်ဖို့အတွက် လိုပါကြောင်း၊ လိုင်စင်တစ်ခုရဖို့အတွက် အချက်(၃၆)ချက် ပြည့်စုံရပါကြောင်း၊ အဓိက ရယကဥက္ကဋ္ဌမှအစ တန်းစီပြီးတော့ လက်မှတ် တွေ လိုက်ထိုးရပါကြောင်း၊ ဆောက်လုပ်ခွင့်ရပြီးလျှင်လည်း တခါလက်မှတ် တွေ လိုက်ထိုးရပါကြောင်း၊ ပုဂံ၊ အင်းလေးလို နိုင်ငံခြားသားများ ပြန်လည် လာရောက်လည်ပတ်ကြသည့်အခါတွေမှာ ဟိုတယ် လုပ်ငန်းရှင်များအနေဖြင့် Loan နှင့်ပတ်သက်ပြီး JICA Loan ကို ကျိုးစားရာမှာ ခက်ခဲနေပါကြောင်း၊

(ဍ) ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့် **မှ** ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့် မှ လက်ရှိ ရာဘာစိုက်ပျိုးရေးကဏ္ဍအနေနဲ့ နိုင်ငံတော်မှ နိုင်ငံခြားတင်ပို့သည့် အခြေအနေဖြစ်ပါကြောင်း၊ ယခုစိုက်ပြီး ရာဘာ

(၁,၆၄၀,၀၀၀)သိန်းရှိပြီး၊ လက်ရှိထွက်နေတဲ့ ကော (၈)သိန်းခွဲနှင့် ရာဘာ တန်ချိန် (၃)သိန်းခွဲနှင့် (၄)သိန်းကြား ရှိပါကြောင်း၊ နိုင်ငံခြား တင်ပို့ရာတွင် အပြည့်အဝတင်ပို့လို့မရသေး ပါကြောင်း၊ နယ်စပ် ဒေသမှာ တရားမဝင် တင်ပို့နေပါကြောင်း၊ ၂၀၂၀-၂၀၂၁ တွင် တန်ချိန်(၃)သိန်း ကျော် တင်ပို့ရပြီး၊ နိုင်ငံခြားဝင်ငွေ သန်း(၄၅၀)တော့ ရရှိပါကြောင်း၊ ကျွန်တော်တို့ ကဏ္ဍအား ကြပ်ကြပ်မတ်မတ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး နိုင်ငံတကာ ဈေးကွက်ကို ရောက်ရှိအောင် လုပ်ဆောင် လိုပါကြောင်း၊ အဲဒီအတွက်ကြောင့် ထိရောက်သည့် ပံ့ပိုးမှုတွေ လိုပါကြောင်း(၃၅)% ပြည်တွင်း ကုမ္ပဏီတွေက ပေးချေနိုင်ပါကြောင်း၊

(ပ) မြန်မာနိုင်ငံစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌဦးခင်မြင့် မှ ဆွေးနွေး ပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍမှာ မြေ၊ မိုးသွင်းအားစု၊ ရာသီဥတု ရှိရမည်ဖြစ်ကြောင်း၊ မျိုးအဓိကကျပါကြောင်း၊ မြေပြုပြင်စာရိတ်လည်း ကြီးမားပါကြောင်း၊ ဈေးကွက်ဝင်သော မျိုးများဖြစ်ရန် လိုပါကြောင်း၊ ကျွန်တော်တို့ မြို့နယ်တွေမှာ မျိုးကွင်းတွေ ဖော်ထုတ်ဖို့ လိုပါကြောင်း၊ ပေါင်းစပ်လုပ်ကိုင်မှရမည် ဖြစ်သောကြောင့် နိုင်ငံတော်မှ ကြီးကြပ် လုပ်ကိုင်ဖို့လိုပါကြောင်း နိုင်ငံတော်မှ ပေးသည့် သွင်းအားစု မှာလည်း လက်ရှိကာလမှာ လုံလောက်မှု မရှိပါကြောင်း၊ တာဝန်မကျေသည့် တောင်သူတွေမှာလည်း အပြင်မှာ အတိုးနှုန်းကို ဆပ်နေရပါသောကြောင့် အကြွေးသံသရာထဲမှဲဦ လည်နေပါကြောင်း၊ ပိုပြီးတော့ သွင်းအားစုချေးငွေ ပိုပေးဖို့လိုပါကြောင်း ဒီငွေတွေဟာလည်း တိုင်းပြည်အတွင်းမှာ လည်ပတ် သည့်ငွေများ ဖြစ်သောကြောင့် သွင်းအားစုတွေကို ပေးစေ လိုပါကြောင်း၊ ဆည်လက်တံများလုပ်ဖို့ လိုအပ်နေပါကြောင်း၊ FDI နှင့် ၁၀၀% လုပ်ငန်းတွေကို ပြန်လည် သုံးသပ် ပေးစေလိုပါကြောင်း၊

(ဏ) မော်ဘီမြို့နယ်တွင် ဆေးဝါးမ်းနှင့်ပတ္တီးထုတ်လုပ်သူ လုပ်ငန်းရှင်ဦးလှသန်း မှ စက်ရုံ တစ်ရုံ တိုးချဲ့ဖို့ရှိပါကြောင်း၊ ချည်မျှင်နှင့် အထည်ချုပ်စက်ရုံမှ Waste တွေကို Recycle လုပ်ပြီးတော့ ချည်နံပါတ် (၇)၊ (၃)၊ (၁၆)ချည်များ ပြန်ဆွဲပါကြောင်း၊ ပြည်တွင်းသုံးဖယောင်းချည်၊ နာဖားကြိုး၊ စောင်၊ လက်သုပ်ပုဝါများ ပြန်ထုတ်ပြီး ရောင်းချနိုင်ပါကြောင်း၊ လောလောဆယ်မှ ၎င်းပစ္စည်းတို့ အားအိန္ဒိယ၊တရုတ်၊ ပါကစ္စတန်မှ ဝယ်ယူသုံးစွဲနေရပါကြောင်း၊ အဆိုပါ ပစ္စည်းများအား ပြည်တွင်းမှ ထုတ်လုပ်နိုင်ပါက ပိုမို အဆင်ပြေနိုင်ပါကြောင်း၊ ကျွန်တော့်စက်ရုံမှာ ၎င်း ချည်တန် (၅၀)တော့ ထွက်ရှိပါကြောင်း၊ မြေနေရာ လုံလောက်စွာ မရှိသောကြောင့် အင်းတိုင် ကျေးရွာမှာ ကျွန်တော့် မြေကွက်အားအခြားမြေသုံးစွဲခွင့်ဖြင့် စက်ရုံတည် ဆောက်ရန် အသုံးပြုလိုပါကြောင်း၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တင်ပြချက်များအပေါ်တွင် ဆွေးနွေးပြောကြားခြင်း**

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ UMFCCI ကိုယ်စားလှယ်များ ၊ စက်မှုဇုန်မှ ကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များ၏တင်ပြချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(က) ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ တင်ပြချက်နှင့်ပတ်သက်၍ ဆန်စပါးစိုက်ပျိုး ဧက(၁၀)ဧကထက်နည်းတဲ့ ပိုင်ဆိုင်သူတွေများတယ်၊ (၁၀)ဧကနဲ့ အထက် တောင်သူများအား ချေးငွေပေးရင် (၁၀)ဧကအောက် လယ်ပိုင်ရှင် အငယ်တွေကို ဦးစားပေးပြီး တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ရရှိရန်နှင့်ဖြစ်နိုင်မည်ဆိုရင် လူများများရစေလိုပါကြောင်း၊

(ခ) မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ဥက္ကဋ္ဌ ဦးဆန်းလင်း၏ တင်ပြချက်နှင့်ပတ်သက်၍မြေပဲ၊ နေကြာ၊ နှမ်းအပြင် ဆီအုန်းကိုလည်း စိုက်ပျိုးဖို့ လိုအပ်ပါကြောင်း ဆီထွက်သီးနှံစိုက်ပျိုးရန်အတွက် မျိုး၊ ရေ၊

လူလည်းလိုအပ်ပါကြောင်း၊ အချိန်တွေပေးမယ်၊ မြေရှိတယ်၊ စိုက်ပျိုးရေး အတွက် ရေရှိပါကြောင်း၊ လူရှိပါ ကြောင်း၊ ဆီအုန်းကလွဲလို့ ကျန်တဲ့ဟာတွေက ရာသီသီးနှံတွေဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံများမှာ (၁)လ၊ ရက်(၈၀)၊ ရက်(၉၀)/ ရက်(၁၀၀) နေကြာ (သို့)နှမ်း စိုက်ပျိုးပါကြောင်း၊ (၃)နှစ်အတွင်းမှာ Inporter မှ Exporter ဖြစ်ရမှာ ဖြစ်ကြောင်း၊ ဆီအုန်းနှင့်ပတ်သက်၍ စက်မှုလုပ်ငန်းများမှ သုံးရန်၊ ထုတ်လုပ်ရေး လုပ်ငန်းတွေမှာ သုံးတာလည်း တွေ့ရှိရပါကြောင်း၊ ဆီနှင့် ပတ်သက်ပြီး တိုင်းပြည်၏ လိုအပ်ချက်မှာ ပြည်တွင်းမှာ လုံလောက်စွာ ရှိဖို့နှင့် ပြည်ပကို တင်သွင်းနိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ အဓိက ထုတ်လုပ်မှုအပိုင်း၊ ဆီချော ပြန်သန့်စင်သည့် အပိုင်းတွင် မှန်မှန်ကန်ကန်လုပ်ရ မှာဖြစ်ပါကြောင်း၊

(ဂ) ဆရာဘိုင်အို၏ တင်ပြဆွေးနွေးချက်နှင့်ပတ်သက်၍ အသေးစား ထုတ်လုပ်မှု လုပ်ငန်း တွေ ကတော့ SME မှာဆိုရင် ရင်းနှီးမတည်မှု (၁)သန်း အလုပ်သမား(၅၀)သတ်မှတ်ထားကြောင်း၊ အသေးစားများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းလိုအပ်ချက်ကိုထုတ်ဖို့ဖြစ်ကြောင်း၊ ခြေလှမ်း လှမ်းတယ်ဆိုတာ အလှန်းကျယ်အလယ်လတ်ဆိုသည့်အတိုင်း အသေးစား၊ အငယ်စားကတော့ ပြည်တွင်းထုတ်လုပ်နိုင်ဖို့ရည်ရွယ်ပါကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်ကို ရောင်းချခွင့်နဲ့ပတ်သက်ပြီး ပြန်၍ဆွေးနွေးဖို့လိုပါကြောင်း၊ အဓိကအသေးစားကိုအရင်လုပ်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေပြန်ဆပ်ဖို့အခက်အခဲရှိမည်ဆိုလျှင် မိမိအနေဖြင့် ချေးငွေပြန်ဆက်ဖို့သက်တမ်းတိုးပေးလို့ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဒီငွေများနှင့်ပြန်ပြီးလည်ပတ်ရတာဖြစ်ပါကြောင်း၊ Covid–19 ချေးငွေပြန်ဆပ်မှ ချေးငွေထပ်မံပြန်ပေးလို့ရမှာဖြစ်ကြောင်း၊ မိမိအစိုးရအနေဖြင့်အမြတ်ထုတ်ဖို့မဟုတ်ပါကြောင်း၊ နိုင်ငံတော်ကိုတိုးတက်ရေးရှေ့ဆက်အကောင်အထည်ဖော်ဖို့သာစဉ်းစားပုံဖော်နေပါကြောင်း၊

(ဃ) ဒေါ်သီသီဝင်း၏ တင်ပြချက်နှင့်ပတ်သက်၍ လျှပ်စစ်သုံးစွဲမှုတွင် တစ်နိုင်ငံ၏တစ်ဝက်ကျော်ကျော်ကို ရန်ကုန်တိုင်းမှ သုံးနေပါကြောင်း၊ ရန်ကုန်မှနေပြီး Energy ပေးနိုင်ဖို့ Solar နှင့်လုပ်ဖို့ အချိန်ပေးရမှာဖြစ်ပြီး အကုန်အကျခံရမှာဖြစ်ကြောင်း၊နိုင်ငံခြားကနေ ဒီဇယ် ဆီရအောင်ကြိုးစာ းနေပါကြောင်း၊ ဘယ်လိုနည်းနှင့်ရမည်ဆိုတာလည်း စဉ်း စားနေကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ လိုအပ်ချက်တွေရှိနေသော်လည်း ယခုလက်ရှိအခြေ အနေတွေ သည်းခံပေးကြပါရန်နှင့် အားလုံးအဆင်ပြေစေ ရန်လုပ်ဆောင် လျက်ရှိပါကြောင်း၊

(င) ဒေါ်ယဉ်ယဉ်မိုး၏တင်ပြဆွေးနွေးချက်နှင့်ပတ်သက်၍ MSME လုပ်ငန်းများ အတွက် မြေနေရာလိုအပ်မှုကို နိုင်ငံတော်မှမြေနေရာများ ချမှတ်ဆောင်ရွက် ပေးလျက်ရှိကြောင်း စိုက်ပျိုးမြေများပေါ်တွင် စက်မှုလုပ်ငန်း များ ဆောင်ရွက် မည် ဆိုပါက သီးနှံထွက်နှုန်းနည်းပါးသွားမည်ဖြစ်ကြောင်း၊ စား ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မြေနေရာများကို မူပိုင်ခွင့်ပြုပေးရန် ရနိုင်မည်မဟုတ်ဘဲ မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုလုပ်ငန်းဆောင်ရွက် နိုင်ရေး နိုင်ငံတော်မှခွင့်ပြုပေးလျက်ရှိကြောင်း၊

(စ) ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ဝင်း၏တင်ပြချက်နှင့်ပတ်သက်၍ ရုရှားနှင့်ထိုင်းခရီးသွားများမှ လာချင်ပါကြောင်း၊ ကိုဗစ်ကူးစက်မှုနှုန်းကလည်း ထပ်ရှိနေပါကြောင်း၊ ပြည်ပခရီးသွားလာတာပဲ မကြည့်ဘဲ ပြည်တွင်းကိုဗစ် ကူးစက်မှုမြင့်လာပါက နိုင်ငံစီးပွားထိခိုက်နိုင်ပါကြောင်း ငွေကြေး တည်ငြိမ်မှု ကို စောင့်ကြည့်ရန်လိုပါကြောင်း၊

(ဆ) ဦးကြည်ဝင်း၏တင်ပြချက်နှင့်ပတ်သက်၍ ချေးငွေမှာ Development Loan နှင့် Commercial Loan (၂)မျိုးရှိပြီး Covid – 19 ကြောင့် ပြန်လည် ထူထောင်ရေးနှင့် ပတ်သက်ပြီးမေးရာမှာ Development Loan ဖြင့် အတိုးနှုန်း (၁%)ဖြစ်ပြီး မြန်မာစီးပွားရေးဘဏ်မှ Commercial Loan(၆.၅%)

နှင့် ပေးတာဖြစ်ကြောင်း၊ ကိုယ်တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖို့ အတွက် Side Effect ရှိသည့် အတွက် သေချာအောင်လုပ်ငန်း FDA ခွင့်ပြုချက် သေချာ စိစစ်ပြီးမှ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဖွံ့ဖြိုးမှုကို အားပေး ပါကြောင်း၊ တိုင်းရင်းဆေးနှင့်ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်လဲ သုံးစွဲပါကြောင်း၊ အားလည်းပေး ပါကြောင်း၊ အာမခံချက်လည်း ရှိဖို့ လိုပါကြောင်း၊

(ဓ) ဦးမြင့်စိုး၏တင်ပြချက်နှင့်ပတ်သက်၍ကျွန်တော်တို့မှာဈေးကွက်တွေ ရှိပါကြောင်း၊ ကိုယ့်ဘက်က မှန်မှန်ကန်ကန်စည်းနဲ့ကမ်းနဲ့ လုပ်ဖို့လိုကြောင်း၊ EU ဆိုလျှင် US$(၈)သန်း CMP နှင့် စာချုပ်ချုပ်တယ်လို့ သိထားပါကြောင်း၊ အထည်ချုပ်လုပ်ငန်းကလည်း တိုင်းပြည်ရဲ့ စီးပွားရေး လုပ်ငန်းထဲမှာ ပါကြောင်း၊ ရုရှားဆိုလျှင် ကျွန်တော်တို့ဆီက အထည်တွေ အများကြီး လိုချင်ပြီး၊ သူတို့လာရောက်ရန် investment လုပ်ကာ သူတို့ဆီကို အထည် တွေပို့ချင်ပါကြောင်း၊ ဒါတွေကို ကျွန်တော် ဂရုစိုက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊

(ဈ) ဦးမြဟန်၏တင်ပြချက်နှင့်ပတ်သက်၍အစာနဲ့ပတ်သက်လို့ ဈေးနှုန်းကြီးတာ ကတော့ Product လိုအပ်ချက်များရင် ဈေးနှုန်းကြီး တာဖြစ်ပြီး၊ Supply နှင့် Demand မမျှလျှင်လည်း ဈေးနှုန်းကြီးပါကြောင်း၊ မြန်မာနိုင်ငံမှာ Supply နှင့် Demand မျှမည့်သဘောရှိပါကြောင်း တနည်းအားဖြင့် (၂၆)မိုင် မွေးမြူရေးဇုန်မှာ ကြက်မွေးမြူ ရေးနှင့် ဘဲမွေးမြူရေးမှာ ကြက် ထက် ဘဲ ကို ပိုပြီး မွေးမြူတာ တွေ့ရကြောင်း၊ ကြက်မွေးမြူရေး ထက် ဘဲမွေးမြူရေးကို ပိုလုပ်မည်ဆိုလျှင် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ဘဲသားတို့ စားနိုင်မှာ ဖြစ်ကြောင်း၊ ဝက်မွေးမြူရေးဆိုလျှင်လည်း သန်းနဲ့ချီပြီး မွေးမြူကြပြီး စနစ်ကျတဲ့ မွေးမြူရေးပုံစံ မဟုတ်တာတွေ့ရကြောင်း၊ နွားမွေးမြူရေးဆိုရင်လဲ ဒေသန္တရမွေးမြူရေးလုပ်ငန်းများဖြစ်ကြောင်း၊ တကယ်တော့ နိုင်ငံတကာမှာ

မွေးမြူရေးနှင့်ပတ်သက်သော ဈေးကွက်တွေရှိကြောင်း၊ ငါးနှင့် ပတ်သက်သော ငါးထုတ်ကုန်ဈေးကွက်ရှိကြောင်း၊ အသားနှင့်ပတ်သက်သော ဈေးကွက်လည်း ရှိကြောင်း၊ ဒီကနေပို့လို့ရပါကြောင်း၊ တကယ်တော့ မွေးမြူရေးအစာကုန်ကြမ်း အားလုံးက ပြည်တွင်း မှာသာ ရှိသော်လည်း အရည်အသွေးကောင်းတဲ့ ကုန်ကြမ်းဖြစ်ဖို့ နည်းပညာလိုကြောင်း၊ လုပ်တတ်ဖို့နဲ့ စနစ်တကျလုပ်ဖို့လိုကြောင်း၊ ဆေးဝါးနှင့်ပတ်သက်လို့ ကုသဆေးရှိမယ်၊ ကာကွယ်ဆေးရှိမှာဖြစ်ကြောင်း၊ မြေနေရာနှင့် ပတ်သက်ပြီး ရန်ကုန်နှင့် နေပြည်တော်မှာ မွေးမြူရေးဇုန်တွေ ရှိသော်လည်း မလုပ်တာတွေ့ရကြောင်း၊ ကျွန်တော်ကတော့ လုပ်စေချင်ပါကြောင်း၊ လုပ်မည်ဆိုပါက အကျိုးအမြတ်အများကြီးရှိကြောင်း၊ စိုက်ပျိုးမြေမထိခိုက်ပါက မွေးမြူရေး မြေပေးလို့ရပါကြောင်း၊ လုပ်ဖို့သာလိုပါကြောင်း၊ မြေအကျယ်ကြီးတွေယူပြီး တခြားကိစ္စတွေမှာ အသုံးချတာ တွေ့ရပါ ကြောင်း၊ စည်ပင်သာယာ နယ်နမိတ်ပြင်ပမှာရှိတဲ့ဒေသမှာ မွေးမြူရေးဇုန်တွေဖော်ဖို့ ရန်ကုန်တိုင်း ဝန်ကြီးချုပ်ကပြောထားပါ ကြောင်း၊ ပဲခူးနှင့် ဧရာဝတီမှာ အသားတွေ၊ ငါးတွေကိုရန်ကုန်သားတွေစားဖို့ရာတွင် ရန်ကုန်ဘက်မှ လက်ခံရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးကိုလည်းကန်ဖြင့် သေချာ မလုပ်တာတွေ့ရကြောင်း၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းခြင်းကိုသာ ကြိုးစားနေတာ တွေ့ရကြောင်း၊ နိုင်ငံတကာ မှာမွေးမြူရေးငါးကို စနစ်တကျလုပ်လျှင် တကယ်ကို ဈေးကောင်းကောင်းရတာမျိုး ရှိ ကြောင်း၊ ပုဇွန်လည်း ဈေးကောင်းရတာရှိပါကြောင်း၊ ဖမ်းတာကိုအချို့နိုင်ငံတွေမှာလည်း သိပ်အား မပေးချင်တော့ပါကြောင်း၊ မွေးမြူရေးကအချိန်ပေးရတယ် ရင်းနှီးမြှုပ်နှံမှုကလည်း များတယ်၊ ကာလကလည်း(၁)နှစ်ကြာတော့ ပေါပေါလောလောရတဲ့နည်းကိုဘဲ လွယ်တဲ့အတွက် ကြောင့် quality ကျတာတွေ ဖြစ်ပါကြောင်း၊ အဲဒါတွေကို ပြင်ရမှာ ဖြစ်ပါကြောင်း၊ တဖက်ကလည်း ဆန်စက်၊ ဆီစက်တွေကို ကောင်းအောင်လုပ်ပြီး၊ ဖွဲဖတ်၊

ပဲဖတ်တွေ ကောင်းအောင် လုပ်ရမှာ ဖြစ်ပါကြောင်း၊ ပူးပေါင်းလုပ်ရမှာ အများကြီးပါ ကျွန်တော်စဉ်းစားပေးမည်ဖြစ်ကြောင်း ရံပုံငွေလည်း ရှိရမည် ဖြစ်ကြောင်း၊

(ည) ဦးအောင်မျိုးမြင့်၏ တင်ပြချက်နှင့်ပတ်သက်၍ အောက်တိုဘာလကစပြီးတော့ ပြည်တွင်းခရီးကို ခွင့်ပြုပေးခဲ့ရာ အထိုက်အလျောက် အောင်မြင်လာသည့် အတွက်ကြောင့် ဒီဇင်ဘာ(၃၁)ရက်အထိ သက်သာခွန် (၅၀)% လျော့ပေးပြီး၊ ဒီဇင်ဘာလနောက်ပိုင်းကို မပေးတော့ပါကြောင်း၊ ချေးငွေနှင့် ပတ်သက်လျှင်လည်း ဝင်ငွေရှိသော လုပ်ငန်း၊ ဝင်ငွေမရှိသော လုပ်ငန်း၊ မတည်ပေးသော လုပ်ငန်းကြည့်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းမှာ ဝင်ငွေရှိနေပြီး အတိုင်းအတာအထိ ရှိနေကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းဖြင့် ပိုပြီး လိုအပ်တဲ့နေရာ တွေပေးဖို့ ကြိုးစားထားပါကြောင်း၊ ထိုင်းနိုင်ငံလဲ ကိုဗစ်ဖြစ်တယ်၊ တရုတ်နိုင်ငံလဲ ကိုဗစ်ဖြစ်တယ်၊ ပြည်တွင်း ကိုဗစ်ဖြစ်ပွားနှုန်း ကိုလည်း ကြည့်ရပါကြောင်း၊ ကန့်သတ်သည့်နယ်မြေများမှာ ကိုဗစ် ကာကွယ် ထိန်းသိမ်းရေးတွေ မလုပ်နိုင်သောကြောင့် နယ်စပ်ဒေသ မဖွင့်ပေး နိုင်ပါကြောင်း၊ လစဉ် နောက်ဆုံး အပတ်မှာ ကျန်းမာရေးဝန်ကြီးနှင့် အမြဲ တိုင်ပင် ပါကြောင်း၊ ပြည်တွင်း လိုအပ်ချက်အရ ထိန်းရတာဖြစ်ပါကြောင်း၊ စီးပွားရေး ယိုင်သွားရင် မလွယ်ပါကြောင်း၊ စွန့်စားသင့်တာ စွန့်စားပြီး၊ မစွန့်စားသင့်တာ မလုပ်တာကောင်းပါကြောင်း၊ ပေးနိုင်တဲ့အချိန်ကျရင် ကော့သောင်း အပါအဝင် Border များအား ဖွင့်ပေးမည် ဖြစ်ပါကြောင်း၊

(ဋ) ဦးခိုင်မြင့်၏တင်ပြချက်နှင့်ပတ်သက်၍ ရာဘာနှင့် ပတ်သက်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီနေပါကြောင်း၊ ရာဘာExport လုပ်တာထက် ရာဘာကို အခြေခံသော စက်မှုလုပ်ငန်းထုတ်ကုန်များဖြစ်သည့် ပြည်တွင်း ထုတ်ကုန် များ၊ ဖိနပ်၊ ကားတာယာ၊ စက်ဘီးတာယာ၊ ဆိုင်ကယ်တာယာတို့၏ အခြေခံကုန်ကြမ်းများ ဖြစ်ပါကြောင်း Exportလုပ်တာထက် ရာဘာကို

အခြေခံသော စက်မှုလုပ်ငန်း ပြည်တွင်းမှာ Import Substitute လုပ်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါကြောင်း၊ ရာဘာအစိမ်းတုံးများအား နည်းပညာ ဖြင့် နယ်စပ်မှ ခိုးထုတ်ရန် တရားမဝင်လုပ်ခြင်းအား သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူမည် ဖြစ် ကြောင်း၊

(ဌ) ဦးခင်မြင့်၏တင်ပြချက်နှင့်ပတ်သက်၍ မျိုးစေ့နှင့်ပတ်သက်ပြီးတော့ နေကြာရှိပါ ကြောင်း၊ နိုင်ငံတကာမှာတော့ မျိုးစေ့များကို ကုမ္ပဏီကထုတ်ပါ ကြောင်း၊ ဒေသတစ်ခုထဲမှာတင် မျိုးစေ့မှာအမျိုးစုံရှိပါကြောင်း တဖက်မှာလဲ ဒေသနှင့်ကိုက်ညီသည့် မျိုးတွေထုတ်ဖို့လိုပါကြောင်း၊ ကိုယ်တိုင်ထုတ်ပြီး ကိုယ်တိုင်ရောင်းဖို့လိုပါကြောင်း၊ သုတေသနလုပ်စဉ် တစ်ဧက ကို တင်း(၅၀) ထွက်ပြီး၊ ဒါပေမဲ့ တချို့နေရာတွေမှာ (၂၆)တင်း၊ (၂၇)တင်းထွက်တယ်လို့ သိရပါကြောင်း၊ ပြဿနာမှာ မြေ၊ ရာသီဥတု၊ စိုက်ပျိုးပုံ မတူတာ တွေ့ရကြောင်း၊ ဝါဆိုလျှင်လည်း ပိဿာချိန် (၇၀၀)မှ (၁၀၀၀)အကြား ထွက်ရှိပြီး၊ တကယ်စစ်သည့်အခါမှာ (၅၀၀)လောက်သာ ထွက်ရှိပါကြောင်း၊ သွင်းအားစုမှာ မြေဩဇာ၊ ကာကွယ်ဆေးတို့ လိုကြောင်း၊ စိုက်ပျိုးရေးမှာ မြေဩဇာကောင်းဖို့လိုကြောင်း၊ ပို့ဆောင်ရေး၊ လမ်း၊ ရေ ကောင်းဖို့ လိုပါကြောင်း အကြံပြုချက်အား မှတ်သားထားပါကြောင်း၊ ယခုရှင်းပြချက်မှာ အကြမ်းဖျင်းရှင်းပြတာ ဖြစ်ပါကြောင်း တချို့အရာများအား ပုဂ္ဂလိကနှင့် လုပ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အား တင်ပြပါ ကြောင်း၊

**ပြည်ထောင်စုဝန်ကြီးမှတင်ပြချက်များအပေါ်တွင် ဆွေးနွေးပြောကြားခြင်း**

၅။ ပြည်ထောင်စုဝန်ကြီးများမှရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ UMFCCI ကိုယ်စားလှယ်များ ၊ စက်မှုဇုန်မှ ကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များ၏တင်ပြချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်မှ ကျွန်တော်တို့ နိုင်ငံသည်လည်း တစ်ကမ္ဘာလုံးနဲ့အညီ ၂၀၂၀ မှစပြီး Covid-19

ရောဂါဆိုးကြောင့် စီးပွားရေးလုပ်ငန်းများ များစွာထိခိုက်မှုခံရပါကြောင်း၊ ၂၀၁၈ မှစတင်ကျဆင်းခဲ့ပြီး၂၀၂၀-၂၀၂၁ ကတည်းကစီးပွားရေး ဆက်လက်ကျဆင်းလာကြောင်း၊ ၎င်းကာလများတွင်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (GDP)ကို ကမ္ဘာ့ဘဏ်နှင့်ADB တို့၏တိုင်းတာချက်အရ(-၁၈)%ကျမည်ဟု ခန့်မှန်းခဲ့ကြောင်း၊မိမိတို့အနေနဲ့လည်း(-၅.၉)%ကျမည်ဟု ခန့်မှန်းထား သော်လည်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့် အညီကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ခြင်း အတွက် ပြီးခဲ့သည့် နိုင်ငံ၏စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုမှာ အပေါင်းဘက်သို့ပြန်လည်တက်လာကြောင်း ပြီးခဲ့တဲ့(၆)လ Mini ဘတ်ဂျက်မှာ တိုးတက်မှု (၃.၈)% ခန့်မှန်းထားသောလည်းအမှန်(၂.၄%) တိုးတက်ခဲ့ပါ ကြောင်း၊ ၂၀၂၂-၂၀၂၃ တွင်တိုးတက်မှု (၃.၇%)တိုးတက်မည်ဟုခန့်မှန်းထားပါကြောင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ ဦးဆောင်မှုနှင့် အညီ အခက်အခဲ ပေါင်းစုံ ကြားမှ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဒီကနေ့ MSME လုပ်ငန်းရှင်များ နှင့် တွေ့ဆုံသည့် အဓိကအကြောင်းအရင်းကတော့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက်(၃)ရပ်မှာ ၁၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်ပြီးအခြားစီးပွားရေး ကဏ္ဍ များကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ၂။ဈေးကွက် စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများ ကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး၊ ၃။ ပြည်တွင်းစီးပွား ရေးလုပ်ငန်းများကို အားပေး ကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များကို များစွာထုတ်လုပ်နိုင်သည့် အလုပ် အကိုင်အခွင့်အလမ်းများ ဖော်ဆောင် ရေးနှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ် နေကြောင်း ဒီကနေ့ MSME

များစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသော ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ဦးတည်ချက်မှာပါပြီးသား ဖြစ်ကြောင်း၊ ပြည်တွင်း စီးပွားရေးများကို အားပေးမည်ဆိုသည့် နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ကြ ရာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက် နေကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဘဏ္ဍာရေးပိုင်းဆွေးနွေးမှုဖြစ်ကြောင်း ငွေကြေး အထောက်အပံ့ ဆိုင်ရာနှင့်ပတ်သက်ပြီး ပထမပိုင်းတွင် မြန်မာ့စီးပွား ရေးဘဏ်မှ ချေးငွေများထုတ်ချေးခြင်း၊ အဲဒီချေးငွေကတော့ ဘဏ်အပ်ငွေ အပေါ်တွင် ထုတ်ချေးပေးတာဖြစ်ကြောင်း၊ CGI ခေါ်သော Credit Grantee Insurance ကတော့ သတ်မှတ်ထားသည့် Criteriaများနှင့်ထုတ်ပေးသော ချေးငွေဖြစ်ကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးပြောကြားလိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ကျရာ တွင်နိုင်ငံတော်မှပံ့ပိုးဆောင်ရွက်ပေးနေသော ချေးငွေကိစ္စများကို ပြောကြား လိုကြောင်း၊ အထူး သဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက MEB မှထုတ်ချေးပေး သောချေးငွေကတော့ ဘဏ်သို့ငွေသားအပ်နှံသူများ၏ ငွေကြေးဖြင့်ချေးပေး ခြင်းဖြစ်တဲ့အတွက် အတိုးနှုန်း(၈.၅%) ဖြစ်ကြောင်း၊ Credit Guarantee Insurance(CGI) ခေါ်သောချေးငွေအမျိုးအစားတွင် အာမခံပစ္စည်းပါသော ချေးငွေများနှင့်အာမခံပစ္စည်မပါသော ချေးငွေများကို သတ်မှတ်ထားသော Criteria များနှင့်အညီမြန်မာ့အာမခံလုပ်ငန်းမှ အာမခံ သည့်ချေးငွေဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်(၁၀)ခု စုစုပေါင်း(၁၁)ဘဏ်မှ ထုတ်ချေးပေးသောချေးငွေဖြစ်ကြောင်း၊ JICA(Two Step Loan) သည် စက်ပစ္စည်းများ ဝယ်ယူခြင်း စက်ရုံ တည်ဆောက်ခြင်း များအတွက် နှစ်ရှည်ချေးငွေဖြစ်ကြောင်း၊ အများဆုံးချေးငွေသက် တမ်းမှာ (၅)နှစ်ဖြစ်ပြီး အတိုးနှုန်း(၈.၅%)ဖြင့် CB Bank၊ AYA Bank၊

မြန်မာ့ရှေ့ဆောင်ဘဏ် စသောဘဏ်(၆)ခုမှ သတ်မှတ် ထားသော ရုံပုံငွေမှချေးပေးခြင်းဖြစ်ကြောင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒေါက်တာကံဇော် မှဆွေးနွေးရာ Covid–19 ဖြစ်ပွားနေသောအချိန် ၂၀၂၀ခု နှစ်၊ ၂ လပိုင်းလောက်မှာ နိုင်ငံတော် အစိုးရ၏ Covid–19 ကပ်ရောဂါဆိုးကြောင့် ထိခိုက်သွားသော စီးပွားရေး လုပ်ငန်းများကို ကုစားရေးလုပ်ငန်းကော်မတီမှ လုပ်ငန်းရှင်များသို့ (၁%)အတိုး နှုန်းဖြင့် ချေးငွေသက်တမ်း(၁)နှစ် ထုတ်ချေးပေး ထားပြီး၊ သက်တမ်းကာလကို (ပထမ)ကြိမ်(၆)လ သက်တမ်းတိုးပေးခြင်း၊ (ဒုတိယ)ကြိမ် (၆)လ သက်တမ်းတိုး ပေးခြင်း၊စုစုပေါင်း(၁)နှစ် ဖြေလျှော့ပေး ထားပြီးဖြစ်ပါကြောင်း၊ ချေးငွေကိစ္စနှင့် ပတ်သက် ပြီးသက်ဆိုင်ရာကော်မတီဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ဘက်ဂျက်နှင့်ပတ်သတ်လို့ ပြောရ လျှင် GDP ၏ (၅%)လုပ်၍ ရမည်ဖြစ်ကြောင်း၊ GDP တိုးမှ ဘက်ဂျက်ပေး လို့ရကြောင်း၊ ဒီနှစ်မှာ အခွန်တော် တော်များများရ ကြောင်း၊တချို့ Covid– 19 ကပ်ရောဂါကြောင့် မပေးနိုင်ခဲ့သော အခွန်များကိုလည်းရကြောင်း၊ စီးပွားရေး ရန်ပုံငွေတရပ်ထူထောင်ပြီး ဆောင်ရွက် မည်ဖြစ်ကြောင်း၊ ချေးငွေလုံလုံလောက် လောက်မပေးနိုင်ပေမယ့်အတတ်နိုင်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊အမိက ကတော့ရသင့်ရထိုက်သော ငွေကြေးများပြန်လည်ရရှိနိုင်လျှင် ကျွန်တော်တို့ နိုင်ငံတော်ဘက်မှလည်း ပေးလို့ရကြောင်း၊ လည်ပတ်သုံးစွဲရန် ငွေလည်းရှိပါ ကြောင်း၊ချေးငွေယူထားသော အချို့လုပ်ငန်းများအနေဖြင့် ပြန်လည်ပေးဆပ် ရန် ဝန်လေးနေကြကြောင်း၊ မီတာခကြွေးကျန်များလည်းအများကြီးရှိကြောင်း၊ ပေးစရာရှိသည့် ငွေကိုလည်းပေးနိုင် အောင်ကြိုးစားကြပါလို့ တိုက်တွန်းပါ ကြောင်း၊ Covid– 19 အကြောင့်ပြပြီး ချေးငွေများရှိသလို သာမန်စီးပွားရေးလုပ် ရန် ချေးယူကြသော ချေးငွေများလည်း ရှိကြောင်း၊ ချေးငွေနှင့်ပတ်သက်ပြီး စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲရှိလျှင်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်

ရှက်သွားကြဖို့လိုအပ်ကြောင်း၊ ချေးငွေသည်နိုင်ငံတော်ငွေကြေး မဟုတ်ဘဲ အများပြည်သူများ၏ ငွေကြေးဖြစ်ကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန် ပြန်ဆပ်ရန် ရယူချိန်နှင့်ပြန်ဆပ်ချိန် နှစ်ဦးနှစ်ဖက်နားလည်မှုရှိဖို့ လိုကြောင်း၊ ချေးငွေများရယူထားသောလုပ်ငန်းရှင်များ၏ချေးငွေကြွေးကျန်များကို စိစစ်ရန် လိုအပ်ပါကြောင်း၊

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး မှဆွေးနွေးရာ ဆီလုပ်ငန်းရှင်များ၏ တင်ပြ ချက်များမှ မြေပဲ၊ နှမ်းတင်မဟုတ်ဘဲ အခြားဆီကြိတ်၍ရနိုင်သည့် Raw Material အများကြီး ရှိပါကြောင်း၊ ဥပမာ။ ပြောင်းဖူး၊ပဲပုတ်၊ နေကြာတို့မှ လည်းရရှိနိုင်ပါကြောင်း၊ ဖွဲနုဆီကိုလည်းထုတ်လုပ်နိုင်လျှင် ပိုမိုကောင်းမွန် ကြောင်း၊ ဆီထွက်သီးနှံများ ကို Export ပြုလုပ်မည့်အစား ပြည်တွင်းမှာ Quality ကောင်းသော ဆီကြိတ် စက်များ ခေတ်မီဖွံ့ဖြိုးရန်အမြန်ဆုံး ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်အတိုင်း လာမည့် (၃)နှစ်အတွင်း စားသုံးဆီဖူလုံ အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းရှင်များက ဆီစက်အသေး စားများကို တင်သွင်းဝယ်ယူ၍ လုပ်ကိုင်နေကြတာ လည်းရှိကြောင်း၊ ဆီအတွက် ပဲဖုတ်ဖတ်က Main Product ဖြစ်သည့်အတွက် ဆီကြိတ်စက်များ အလျင် အမြန်တိုးတက်ဖို့ လိုအပ်နေပါကြောင်း၊ အရင်းအနှီးရရှိရန် အဖက် ဖက်မှ ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းပညာကိုလည်း အိန္ဒိယ နိုင်ငံနှင့် တရုတ်နိုင်ငံတို့ဘက်မှ အနီးစပ်ဆုံး ဆီစက်ထုတ် လုပ်သည့်လုပ်ငန်း ကြီးများနှင့် ချိတ်ဆက်ထားပြီး ဖြစ်ကြောင်း၊ လာမည့်ရှေ့တစ်လတွင် ဆီစက် နည်းပညာဆွေးနွေးပွဲကိုဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆီကိုသန့်စင်တဲ့ Refinery စက်များနှင့်လုပ်ဖို့ လိုအပ်ပါကြောင်း၊ သို့မှသာ အရည်အသွေးမြင့်သော စားသုံးဆီ များရရှိမည်ဖြစ်ကြောင်း၊ မြေလိုအပ်လျှင်

လက်ရှိကျွန်တော်တို့ ဝန်ကြီးဌာန အောက်ရှိ မြေသော်လည်းကောင်း၊ ဥပမာ။ ရောဝတီတိုင်းမှာရှိသော ဂုန်လျှော်စက်၊ ဝါကြိတ်စက် စသောနေရာဟောင်းများကိုလည်း သင့်တင့်သော ဈေးနှုန်းဖြင့် လျှင်လျှင်မြန်မြန် ငှားရမ်းလိုကြောင်း၊ တကယ်အလုပ်လုပ်မည့် သူဖြစ်ဖို့လိုအပ်ကြောင်း၊ အခွင့်အရေး တစ်ရပ်အနေဖြင့် ယူတာမျိုးမဖြစ်စေချင်ကြောင်း၊ စိတ်ဝင်စားသည့် လူရှိလျှင် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ (၁)လတစ်ခါ မြေလွတ်၊ မြေရိုင်းစီမံခန့်ခွဲမှု အစည်းအဝေးများတွင် တင်ပြပေးသွားမည်ဖြစ် ကြောင်း၊ SME လုပ်ငန်းရှင်များအနေဖြင့် လယ်ယာမြေ အဆောက်အဦး ကဏ္ဍနှင့်ပတ်သက်သည့် လိုအပ်ချက်များရှိလျှင် ကေ(၁၀၀/ ၂၀၀)လောက် အထိ SME စားသောက်ကုန် ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ အသား၊ ဟင်းသီးဟင်း ရွက်၊ သစ်သီးဝလံများ သိုလှောင်နိုင်တဲ့ နည်းပညာလိုအပ်ကြောင်း၊ ရာသီချိန်တွင် သရက်သီး၊ ခရမ်း ချဉ်သီးနှင့် ငရုတ်သီးမှအစတောင်သူတွေမှာ အလေအလွင့်ဖြစ်နေကြောင်း၊ သို့သော်လည်း ငါးသေတ္တာ၊ ဆီသွပ်ဗူးထုတ်လုပ်သူအတွက် ခရမ်းချဉ်သီး အနှစ် သည် အဓိက လိုအပ်ပါကြောင်း၊ နည်းပညာအသုံးပြုနိုင်ရန် ဝိုင်းဝန်းဆောင် ရွက်ပေးဖို့လို အပ်ပါကြောင်း၊

(ဃ) သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးမှ ဆွေးနွေးရာ ကျေးလတ်နေပြည်သူလူထု လူမှု စီးပွား ဘဝဖွံ့ဖြိုး တိုးတက်ရေး အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျွန်တော်တို့ ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာန(၄)ခုဖြင့်ဖွဲ့စည်းထားပြီး သမဝါယမဦးစီးဌာန၊ကျေးလတ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊အသေးစား စက်မှုလက်မှုဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနတို့ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး/ မွေးမြူရေး ဖွံ့ဖြိုး မှုအတွက် ရွာအလိုက်ရင်းနှီးမတည်ငွေ လုပ်ဆောင်နိုင်ဖို့ လို ကြောင့် တကယ် လုပ်သည့်သမဝါယမဖွဲ့ဖို့လိုကြောင်းနှင့် အမှန်တကယ် လုပ်ငန်း

လုပ်ဆောင်ရ မည်ဖြစ်ကြောင်း၊ သမဝါယမအနေဖြင့် ကျေးလက်ဒေသ ရေ၊ မီးနှင့်လမ်းများ ကောင်းမွန်စွာရရှိစေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနမှဖွင့်လှစ်ပေး သည့် သင်တန်းများကိုတက်ရောက်ပြီး အမှန်တကယ် လုပ်ဆောင်ရန်လို ကြောင်း၊ အသေးစားလုပ်ငန်းလေးများ တည်ထောင်ပေးရန်စီစဉ်ထားကြောင်း၊

(င) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာန သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ လက်ထက်မှာ စက်မှုဝန်ကြီးဌာန အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ကျွန်တော်တို့ဒီနေ့ဆွေးနွေးနေသည့် MSME နှင့်ပတ်သက်ပြီး တာဝန်ခံဆောင်ရွက်နေသောဌာနကတော့ စက်မှု ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ စက်မှုဝန်ကြီး ဌာန အနေဖြင့် SME လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅ SME ဥပဒေနှင့် ၂၀၁၇ SME နည်းဥပဒေတို့ ဖြင့် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၁၉၉၀ ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေ၊ ၁၉၉၁ လုပ်ထုံးလုပ်နည်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အား မှတ်ပုံတင်ပေးသည့် Registration ပြုလုပ်ပေးပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၀ စက်မှုဇုန်ဥပဒေဖြင့်ဖွဲ့စည်းထားသော စက်မှုဇုန်အတွင်းရှိ ပုဂ္ဂလိကစက်မှု မှတ်ပုံတင်ထားသော အကြီးစားလုပ်ငန်း(၃၇၁၈)ခု၊ အလတ်စားလုပ်ငန်း(၂၃၇၃)ခုနှင့် အငယ်စားလုပ်ငန်း(၁၁၉၂)ခု၊ စုစုပေါင်း (၇၂၈၃) ခု ဆောင်ရွက်လျှက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းအတွင်းတွင်စက်မှုဇုန်(၂၉)ဇုန်ရှိရာဇုန်အတွင်းရှိ ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင် ထားသော အကြီးစားလုပ်ငန်း( ၂၆၉၇ )ခု ၊အလတ်စား(၉၉၁)၊ အငယ်စား (၁၁၈) နှင့် စုစုပေါင်း( ၃၈၀၆)ခုရှိပါကြောင်း၊လုပ်သားပေါင်း (၄၈၀,၀၀၀)ကျော်အား အလုပ်အကိုင်ဖန်တီးပေးလျက်ရှိကြောင်း တွေ့ရပါသည်။ ဆက်လက်ပြီး ယနေ့ဆွေးနွေးတင်ပြချက်များကို ရှင်းလင်း ဆွေးနွေးပေးမှာ ဖြစ်ကြောင်း၊ ယခုအခါ SME

လုပ်ငန်းများ၏ Registration ကိုလည်း SME ဥပဒေနှင့်အညီ Online မှ လျှောက်ထားလို့ရ ပါကြောင်း၊ SME Member Card အနေဖြင့် အသေးစား (၄၃၃၀)ကတ်၊ အလတ်စား(၃၂၂၉) ကတ်၊စုစုပေါင်း (၇၅၅၉)ကတ်ထုတ် ပေးထားပြီးဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် စက်မှုနှင့်ပတ် သက်ပြီးဆောင် ရွက်စရာကိစ္စများ ရှိလျှင် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦီးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ဖြင့် ဆက်သွယ် ဆောင် ရွက်နိုင်ပါကြောင်း၊ ကျွန်တော်တို့စက်မှုဝန်ကြီးဌာနတွင် စက်မှု သင်တန်းကျောင်း(၆)ကျောင်းရှိပြီး၊HRလိုအပ်ချက်အတွက် အလွှာ အလိုက် ပြုလုပ် ပေးနေကြောင်း အလုပ်အကိုင်ပေးနိုင်ရန်အတွက် သက်ဆိုင် ရာ သင်တန်း ကျောင်းများနှင့်ချိတ်ဆက်နိုင်ကြောင်း၊ ဆီသန့်စင်သည့် Refinery Machineနဲ့ပတ်သက်၍ လိုအပ်သည့် နည်းပညာ ပံ့ပိုးပေးနိုင်ရန် အတွက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဌာနမှနည်းပညာ ပံ့ပိုးပေး နိုင်ကြောင်း၊ SME လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားရာ တွင် လိုအပ်သည့် Business Plan ၊ Record keeping သင်တန်းများကို SME ဌာန မှ အခါ အားလျော်စွာပံ့ပိုးနေကြောင်းနှင့်လိုချင်ပါကဆက်သွယ်နိုင်ပါကြောင်း၊ Textile နည်းပညာနှင့် ပတ်သက်၍ အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းတွင် ပညာရှင်များရှိပါကြောင်း၊ ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေး ရေးဦးစီး ဌာနနှင့် ဆက်သွယ်ပြီးDetail အချက် အလက်များ ဆွေးနွေးပြီး ပါက Redesign ပြန်လုပ်ပေးမည်ဖြစ်ကြောင်း၊

(စ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးမှ ဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်မှလည်း ကျွန်တော့်ကို လမ်းညွှန်သွား တာရှိပါကြောင်း၊ ပြည်တွင်းမှာရှိတဲ့ စက်ရုံ တွေစဉ်ဆက် မပျက် လည်ပတ်သွား နိုင်ဖို့အတွက် ဦးစားပေး ဆောင်ရွက်သွားရန်လမ်းညွှန်ချက်များရှိပါကြောင်း၊ ပြည်တွင်းမှ ပို့ကုန်၊

သွင်းကုန် တွေကို ထိန်းညှိစိစစ် ပေးနေတာတွေ လဲရှိပါကြောင်း၊ ကုန်ကြမ်းများကိုလည်း စက်ရုံ၏ Capacity ရှိလျှင်ရှိသလောက် ကုန်ကြမ်းများတင်သွင်းနိုင်ရန်ဆုံးဖြတ်ထား ပြီးဖြစ်ပါ ကြောင်း၊ ကုန်ကြမ်းရရှိမှုနှင့်ပတ်သက်ပြီး စီးပွားကူးသန်းဝန်ကြီးဌာန အနေနဲ့ဦးစား ပေးပြီးဆောင်ရွက်ပေးလျှက် ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါ ကြောင်း၊ ကုန်စည်ဒိုင်များနှင့်ပတ်သက်ပြီး ကုန်စည်ဒိုင်များဖွံ့ဖြိုးတိုးတက်ရေး အတွက် စတင်ဆောင်ရွက်လျှက်ရှိကြောင်း၊ သက်ဆိုင်ရာ UMFCCI နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကုန်စည်အမျိုးအစားလိုက် ဆောင်ရွက်သွား မှာဖြစ်ပြီး၊ ပုဂ္ဂလိကကဏ္ဍမှ လည်းဝိုင်းဝန်းကူညီလက်တွဲဆောင်ရွက် ပေးသွား ကြပါရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ နိုင်ငံခြား ကုမ္ပဏီတွေ၊ ပို့ကုန်၊ သွင်းကုန် တွေကိုပြန်လည်လေ့လာဆန်းစစ်ကြည့်ပါက အုပ်စု(၂)ခုရှိပါ ကြောင်း၊ တစ်ခုကတော့ (၂၀၁၈)ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားကုမ္ပဏီတွေကို လက်ကားလုပ် ငန်းတွေ လုပ်ကိုင်ခွင့်နှင့် ဒုတိယတစ်ခုကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီလာရောက်ပြီး လုပ်ကိုင်ကြတဲ့ ကုမ္ပဏီလုပ်ငန်းများဆိုပြီး (၂)ပိုင်း ဖြစ်ပါတယ်။ လက်ကား လုပ်ကိုင်ခွင့်နှင့်ပတ်သက်ပြီးလေ့လာရာ တွင် ကုန်ကြမ်းများကို Value Added မလုပ်ဘဲ တိုက်ရိုက်ပို့လို့ မရပါကြောင်း၊ ကြော်ငြာထားပြီး ဖြစ်ပါကြောင်း၊ အချို့သော နိုင်ငံခြားကုမ္ပဏီများမှာ value added မလုပ်ဘဲ တင်ပို့ တာမျိုးတွေ တွေ့ရပါကြောင်း၊ စစ်ဆေးမှုများ ပြုလုပ်ပြီး ယခုပဲ ပို့ကုမ္ပဏီများ၊ ပြောင်းပို့ ကုမ္ပဏီများ၊ တိုက်ရိုက်တင်ပို့ ခြင်းမျိုး မရှိတော့ပါကြောင်း၊ ပို့ခွင့်မရှိကြောင်း ကြော်ငြာထားပြီး ဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ရင်းနှီးမြှုပ်နှံထားသော လယ်ယာထွက်ကုန်နှင့် ပတ်သက်ပြီး Export လုပ်ငန်းတွေသည် ဈေးကွက် တွေက ဝယ်ယူတာမျိုးမဟုတ်ဘဲနှင့် သူတို့ရင်းနှီး မြှုပ်နှံထားသည့် ဆန်စက်မှ

ထွက်သည့် Capacity Limit အတွင်းကသာ ခွင့်ပြုမည်ဖြစ်ကြောင်း ၊ ဈေးကွက်ကဝယ်ပြီး ပို့ခွင့်မရှိကြောင်း၊ လယ် သမားများကို Contract Farming ဦးစားပေးလုပ်ဆောင်ပေးဖို့လိုကြောင်း၊ ထွက်တာကို ကြိတ်ခွဲဖို့ ASEAN (၁၀)နိုင်ငံမှ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု လုပ်သည့်အခါ Capital Inflow, Out Flow အား စစ်ဆေး ခြေင်းမလုပ်ပါဟု ဂတိဂဝတ်များ ပေးထားရပါကြောင်း၊ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များ မှန်မှန်ကန်ကန် ဆောင်ရွက်နေခြင်းမရှိသည့် ကုမ္ပဏီ(၅၀၀၀) ကျော်အား မြေပြင်ကွင်းဆင်း စစ်ဆေးနေကြောင်း၊ မမှန်မကန်လုပ်နေသည့် ကုမ္ပဏီတွေရဲ့ ပို့ကုန်၊ သွင်းကုန်မှတ်ပုံတင်များကို ရုတ်သိမ်းသွားမှာ ဖြစ်ပါ ကြောင်း ယခင်က ပို့ကုန်၊ သွင်းကုန် မှတ်ပုံတင်ကို ချက်ချင်းထုတ်ပေးခဲ့သော် လည်း ယခုအခါ ချက်ချင်းမပေးတော့ပဲ မြေပြင်မှာစစ်ဆေးပြီးမှ ခိုင်မာတဲ့လုပ် ငန်းတွေကိုသာ ထုတ်ပေးမှာဖြစ်ကြောင်း၊

(ဆ) ရန်ကုန်တိုင်းဝန်ကြီးချုပ်အနေနဲ့ ယခုလက်ရှိ အခြေအနေမှာ ရန်ကုန်တိုင်း အတွင်း စက်မှုဇုန်များပေါ်ပေါက်လာရေးနှင့် ကြီးကြပ်ရေး ကော်မတီနာယက အဖြစ် ဆောင်ရွက်နေပါတယ်။ သိပ်မကြာခင်မှာဘဲ ခရိုင်အဆင့်စက်မှုလုပ်ငန်း များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့သွားမှာ ဖြစ်ပါကြောင်းအသိ ပေးလိုပါသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများနဲ့ပတ်သက်ပြီး တော့ လည်း နာယကအဖြစ် ဆောင်ရွက်ပြီးတော့ စီးပွားရေးရာဝန်ကြီးအပါ အဝင်အဖွဲ့ဝင် (၁၈)ဦးနှင့် ဆောင်ရွက်နေတာဖြစ်ကြောင်း၊ ချေးငွေအစီအစဉ် လေးနဲ့ ပတ်သက်ပြီးတော့လည်း ဥက္ကဋ္ဌအနေနဲ့စီးပွားရေးဝန်ကြီးက တာဝန်ယူ ဆောင် ရွက်လျက်ရှိကြောင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အခြားကဏ္ဍများ မှာ စုစုပေါင်း(၇၅၅၉)ခုရှိပါကြောင်း၊ ဝန်ဆောင်မှု(၂၉၀၇)ခု လည်းပတ်

လျှက်ရှိကြောင်း တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ချေးငွေ နဲ့ပတ်သက်ပြီး တောက်လျှောက် ကိုဗစ်ကာလချေးငွေ၊ ချေးငွေပေးထား တာရှိ ပါကြောင်း၊ အဓိက ကတော့ ချေးငွေတွေပြန်ဆပ်နိုင်ဖို့ တင်ပြအပ်ပါကြောင်း၊ ဒီနေ့တင်ပြသွားတဲ့ ဝန်ကြီးဌာနများနှင့် ဝန်ကြီးများက သေချာလေး ရှင်းလင်း ပြောကြားပြီးဖြစ်တဲ့အတွက် မြေကြီးကိစ္စ၊ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စတွေမှာ ကျွန်တော်တို့အောက်ခြေတွေက Cabinet ထိုင်ပြီးမှ အပေါ်ကို တင်ပြ ပေးတာ မျိုးရှိပါကြောင်း၊ နောက်တစ်ခါ နေရာပြောင်းရွှေ့သွားပြီး လုပ်ကိုင်သွားကြတဲ့ လုပ်ငန်းများကိုလည်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဗဟို ဌာနနှင့် ဆက်သွယ်ပြီးဆောင်ရွက်သွားလို့ရ ပါကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို စီပွားရေးဝန်ကြီးနှင့်ပူးပေါင်း ဆောင်ရွက်ပြီး တချို့မရှင်း လင်းသောကိစ္စတွေကို အစည်းအဝေးတွေနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက် လျှက်ရှိပါကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာမှာ အသေးစား၊ အငယ်စားနှင့် အလတ် စားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် လို အပ်ချက်တွေနဲ့ပတ်သက်ပြီး လိုအပ်ချက်များ ကို ဖြေရှင်း ပေးသွားနိုင် မည်ဖြစ်ကြောင်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ တဘက် ကတော့ လုပ်ငန်း လုပ်ကိုင်သူတွေအဆင် ပြေပြေ လည်ပတ်ချင်ကြသည့် သဘာဝလေး တွေရှိပေမဲ့ စည်းကမ်းတွေ၊ နည်းလမ်းတွေ မရှိတဲ့အတွက် သိရှိပြီးတော့ လိုက်ပါလိုက်နာပြီး ဆောင်ရွက်ပေးဖို့ အကြံပြုလိုပါကြောင်း၊

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားခြင်း**

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ နိဂုံးချုပ်အနေဖြင့် အောက်ပါအတိုင်းပြောကြားခဲ့ပါသည်-

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင် မှ လုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ဖြည့်စွက် ပြောကြား ရာမှာ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ မြေ၊

ရေနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ရှိပြီး ဖြစ်သည့်အတွက် အမှန်တကယ် အလုပ်လုပ် ရန်လိုအပ်ပါကြောင်း၊ ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာ မည်ဖြစ်ပါ ကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီ ကျော်လွန်စေရန် အတွက် ဆီထွက် သီးနှံ စိုက်ပျိုးထုတ်လုပ်သူနှင့် ဆီထုတ်လုပ်သူများအနေဖြင့် အမှန်တကယ် အလုပ်လုပ်ကိုင်ကြဖို့လိုကြောင်း၊ စိုက်ပျိုးရေးတောင်သူ၊ လုပ်ငန်းရှင် များ၊ ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက မကြာမီ ပြည်တွင်းဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး၊ ပြည်ပမှဆီတင်သွင်းရသည့် **Importer** အဖြစ်မှ ပြည်တွင်းပိုလျှံသည့်အထိ ထုတ်လုပ်၍ ပြည်ပတင်ပို့သည့် **Exporter** ဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊

(ခ) အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ပ ပို့ကုန်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆက်လက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ **Covid** ကာလချေးငွေများ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိသူများ ချေးငွေ သက်တမ်း ကာလ(၁)ခုသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ချေးငွေများ ထုတ်ပေးထားခြင်း ဖြစ် သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်ကြဖို့ လိုကြောင်း၊ နိုင်ငံတော်သို့ပေး သွင်းရမည့် အခွန်အခများကိုလည်း ပြည့်မီအောင် ပေးသွင်းကြဖို့ လိုအပ်ပါ ကြောင်း၊ နိုင်ငံတော်မှ ပြန်လည် ရရှိရန်ရှိသည့် ချေးငွေများပြန်လည်ရရှိမှသာ ချေးငွေများအပြည့်အဝပြန်လည် ထုတ်ချေးပေးနိုင်မည် ဖြစ်ပါကြောင်း၊ လျှပ်စစ် ဓါတ်အားရရှိမှုအနေဖြင့်လည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျှက် ရှိသကဲ့ သို့ ပုဂ္ဂလိကအနေဖြင့် လည်းကြိုးပမ်း ဆောင်ရွက်ကြဖို့လိုကြောင်း၊ နေရောင် ခြည်စွမ်းအင်နှင့်

လေအားတို့ကို အသုံးပြုပြီး လျှပ်စစ်ဓါတ်အားများ ထုတ်လုပ်မှု အတွက်လိုအပ်သည့် စက်သုံးဆီများကိုလည်း ဈေးနှုန်း သက်သာစွာ ဝယ်ယူရရှိ နိုင်ရေးကြိုးပမ်း လျှက်ရှိပါကြောင်း၊ နိုင်ငံတော်အနေ ဖြင့် အခြေခံ လိုအပ်ချက် များကို တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများအတွက် မြေနေရာလိုအပ်မှုကို နိုင်ငံတော်မှ မြေနေရာများ ချမှတ် ဆောင်ရွက် လျှက်ရှိကြောင်း၊ စိုက်ပျိုးမြေများအပေါ် စက်မှု လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးသီးနှံ များ လျော့ပါးသွားမည်ဖြစ်ပါကြောင်း၊

(ဂ) စားရေး အတွက် အဓိကဖြစ်သည့် စိုက်ပျိုးသီးနှံမြေပေါ်တွင် စက်မှုလုပ်ငန်း လုပ်ရန်မဖြစ်နိုင်ပါကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြု သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းများကို မိရိုးဖလာ မွေးမြူရေးထက် စနစ်တကျ မွေးမြူရေးဖြစ်ဖို့လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်း များ၏ သွင်းအားစုဖြစ်သည့် မျိုးကောင်း မျိုးသန့်များ ရရှိရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း/မျိုးသန့်များရရှိရေး၊ သုတေသနပြုဆောင်ရွက်ကြဖို့လိုကြောင်း၊ စိုက်ပျိုးရေရရှိရေး၊ ပိုးသတ်ဆေး၊ ဓါတ်မြေ ဩဇာများရရှိစေရေး၊ နိုင်ငံတော်မှကြိုးပမ်း ဆောင်ရွက်လျှက်ရှိပါကြောင်း၊

(ဃ) ရာဘာထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာဘာအထွက်နှုန်းများ ကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ရာဘာကုန်ကြမ်းများ ရရှိရန် နည်းပညာများအသုံးပြုပြီး၊ ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်းပြည်ပမှ တရား မဝင် ရာဘာတင်ပို့မှုများကို ထိရောက်စွာ ထိန်းချုပ်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်မှ စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုနှင့် ပတ်သက်ပြီးအမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုး

ရေးနှင့် နိုင်ငံတော်စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက် နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေး အဖြေရှာနိုင်ရေး ဆွေးနွေးရခြင်းဖြစ်ကြောင်း၊

(င) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းခွင်ပညာရပ်များ ကျွမ်းကျင်မှုအတွက် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင် သင်တန်း များ သင်ကြားပေးလျက် ရှိပါကြောင်း၊ အလားတူပညာတတ်များ မွေးထုတ် ပေး ဖို့လိုကြောင်း၊ ဘ၀ ရပ်တည်ရေးအတွက် ပညာရေးသည် အရေးကြီးပါ ကြောင်း၊ အသက်အရွယ်နှင့်ကိုက်ညီသည့် ပညာရပ်များ သင်ကြားပေး ဖို့လိုအပ် ပါ ကြောင်း၊ အတန်းပညာများ မြင့်မားမှသာ ခေတ်မီ နည်းပညာများ ကို သင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ဘ၀ရပ်တည်ရေးတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် အရာဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့်လည်း မိမိတို့ တတ်နိုင်သည့်ဘက်မှ သင်တန်းများဖွင့်လှစ် သင်ကြား ပေးစေလိုကြောင်း၊ ဆွေးနွေးခဲ့ပါသည်။

(စ) ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထား ဆောင်ရွက် ကြပါကြောင်း၊ နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း၌ နိုင်ငံရေးအခက် အခဲများ၊ Covid-19 ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရ သည့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်း၊ နိုင်ငံတစ်ခုတွင် နိုင်ငံရေး မောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အား၊ ကာကွယ်ရေး မောင်းနှင်အား လိုအပ်ပြီး၊ စီးပွားရေးကောင်းမွန်မှ သာနိုင်ငံ တည်ငြိမ်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ဘဏ်စနစ်ပြိုလဲအောင် နည်းလမ်း မျိုးစုံဖြင့် ထိုးနှက် လုပ်ဆောင်ခဲ့သော်လည်း ပြိုလဲမှုမရှိစေရေး ဦးစားပေး အနေဖြင့် ဆောင်ရွက်ခဲ့ ကြောင်း၊ ငွေကစားသူများ ရှိသည့် အတွက် ကုန်ဈေးနှုန်း မြင့်မား၍ ငွေကြေးတန်ဖိုး ကျဆင်းလျှက် ရှိပါကြောင်း၊ ပြည်ပမှ တင်သွင်း

သည့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ငွေကြေးကြီး ကြပ်ရေး ကော်မတီကို ဖွဲ့စည်း၍ ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါကြောင်း၊

(ဆ) ၂၀၂၁ ခုနှစ်ကစပြီး ပြည်ပမှ တင်သွင်းသည့် စားသုံးဆီများကို ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြား ခြင်းနှင့် ပြည်တွင်းဆီ ထုတ်လုပ်မှု နည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီ လိုအပ်ချက် များပြားနေခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အား အသုံးပြုမှုများ ကိုလည်း မီးအား သက်သာသည့် LED မီးများ ကို အသုံးပြုဖို့ လိုကြောင်း၊ ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်ဓါတ်အားများ ထုတ်လုပ် နိုင်ရေး ဆောင်ရွက်လျှက် ရှိပါကြောင်း၊ နျူကလီယားစွမ်းအင်သုံး လျှပ်စစ်ဓါတ်အား များ ထုတ်လုပ် နိုင်ရေး ဆောင်ရွက်လျှက်ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ တွင်လည်း နျူကလီယားစွမ်းအင် အသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက် လျှက်ရှိပါ ကြောင်း၊

(ဇ) သဘာဝမြေသြဇာများ အသုံးပြုခြင်းကြောင့် ဓါတုဗေဒကင်းစင်ပြီး စိုက်ပျိုးရေး ထုတ်ကုန် များ ရရှိမည် ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကိုစနစ်တကျ မွေးမြူခြင်းဖြင့် မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ကြဖို့လိုကြောင်း၊ မွေးမြူရေး ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ပြီး၊ နိုင်ငံခြား တင်ပို့ရောင်းချနိုင်ပါ ကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြဖို့ လိုပါကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုနှင့် ပတ်သက်ပြီး အမြတ်နဲနဲဖြင့် များများရောင်း ချဖို့ လိုပါကြောင်း၊ ပစ္စည်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူပါက ပစ္စည်းပိုမို ကောင်းမွန်ရမှာ ဖြစ်ပါကြောင်း၊ ပစ္စည်းများ ပိုမိုထုတ်လုပ်ရေး ဈေးကွက် ရရှိရေး၊ ဝင်ငွေပိုမိုရရှိရေး ဆောင်ရွက်ဖို့ လိုကြောင်း၊ နိုင်ငံတကာနှင့်

ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ခန့်အပ် ဆောင်ရွက်လျှက်ရှိကြောင်း၊

(ဈ) စားရေးနှင့်ဝတ်ရေးသည် လူတစ်ဦးအတွက်မရှိမဖြစ် လိုအပ်ပါကြောင်း၊ စားရေး နှင့်ဝတ်ရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင် ဆောင်ရွက် ကြဖို့လိုပါကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်း ပစ္စည်းများကို အခြေခံ သည့် ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ကြဖို့လို ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများတွင် ထုတ်လုပ်မှု ကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းရှင် များပါဝင်သည့်အတွက် ထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်ကြဖို့ ပြောကြား လိုကြောင်း၊ အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့ နိုင်ငံသည် နှုန်းထားအသက်သာဆုံး ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်မှ ရရှိဝင်ငွေပေါ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရပါကြောင်း၊ အခွန်တိမ်းရှောင်ခြင်းမျိုးမရှိဘဲ အခွန်များကို မှန်မှန် ကန်ကန်ပေးဆောင်ကြဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်း ဆောင်ရွက် ကြဖို့ လိုကြောင်း တိုက်တွန်းဆွေးနွေးမှာကြားခဲ့ပါသည်။ အဲ့ဒီနောက် တက် ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခင်းကျင်းပြသ ထားသည့် စားသောက်ကုန်၊ လူသုံးကုန်များ၊ အဝတ်အထည်များ၊ စက်မှုလက်မှုထုတ်ကုန်၊မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ကျောက်မျက် ရတနာထုတ်ကုန်များ၊ တိုင်းရင်း ဆေးဝါးများကိုလှည့်လည် ကြည့်ရှုခဲ့ပါသည်။

**နိဂုံး**

၇။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ UMFCCI ကိုယ်စားလှယ်များ ၊ စက်မှုဇုန်မှ ကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုအစီရင်ခံစာအား တင်ပြအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား**






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအားရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များမှ ဆွေးနွေးတင်ပြခြင်း**





## (MSMEs)လုပ်ငန်းရှင်များမှ ဆွေးနွေးတင်ပြခြင်း





## အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များ ၏ဆွေးနွေးတင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတင်ပြခြင်း





## နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဥက္ကဋ္ဌမှ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုခြင်း





## နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီဥက္ကဋ္ဌမှ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုခြင်း





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုခြင်း**





# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | တွေ့ဆုံပွဲတက်ရောက်သူများ | ၁ |
| ၃။ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိUMFCCIကိုယ်စားလှယ်များ စက်မှုဇုန်မှကိုယ်စားလှယ်များနှင့် MSME လုပ်ငန်းရှင်များ၏ တင်ပြချက် | ၂–၁၈ |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ တင်ပြချက်များ အပေါ်တွင် ဆွေးနွေးပြောကြားခြင်း | ၁၈–၂၄ |
| ၅။ | ပြည်ထောင်စုဝန်ကြီးမှတင်ပြချက်များအပေါ်တွင် ဆွေးနွေးပြောကြားခြင်း | ၂၅-၃၄ |
| ၆။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားခြင်း | ၃၄-၃၉ |
| ၇။ | နိဂုံး | ၃၉ |
| ၈။ | မှတ်တမ်းဓာတ်ပုံများ | ၄၀–၄၇ |

# စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

## ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မှ UMFCCI နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ( ၅ ) ရက်